ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 27 March 2023 ၁၁၀၅၂


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

# (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပပြုလုပ်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများသည်လည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည်။

အဆိုပါ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့ ညနေပိုင်းတွင် သွားရောက်၍ တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။

### ဂါရဝပြုနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်း လိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးနှင့် ဇနီးအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


**ပြည်သူ့ဘဏ္ဍာ ထိရောက်စွာ ခြိုးခြံချွေတာသုံးစွဲပါ**
ဆောင်းပါး စာမျက်နှာ » ၆

**မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိ**
စာမျက်နှာ » ၉

**ဆည်ရေများဖြင့် စိမ်းလန်းစေသော စံပြမြို့တော် နေပြည်တော်**
ဆောင်းပါး စာမျက်နှာ » ၁၀

**အိန္ဒိယအာကာသသုတေသနအဖွဲ့ ဂြိုဟ်တု ၃၆ စင်း သယ်ဆောင်ထားသည့် ဒုံးပျံတစ်စင်း လွှတ်တင်**
စာမျက်နှာ » ၁၃

ကြေးမုံ

# သမိုင်းဂုဏ်ရောင်ထွန်းပြောင် အစဉ်အလာကြီးမားသည့်တပ်မတော်

ယနေ့သည် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့် တစ်သားတည်း၊ အမျိုးသားလွတ်မြောက်ရေး သမိုင်းစဉ်နှင့် တစ်ဆက်တစ်စပ်တည်း အမျိုးသားနိုင်ငံရေးအသိ အပြည့်အဝဖြင့် ပေါက်ဖွားလာခဲ့သော တပ်မတော်ဖြစ်သည်။ သူ့ကျွန်မခံ စွန့်စားသည့် လက်နက်ကိုင်တိုက်ပွဲများ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်အပြည့်ဖြင့် လှုပ်ရှားခဲ့သည့် နိုင်ငံရေးတိုက်ပွဲများ၊ ပြည်တွင်း/ပြည်ပရန်စွယ် အန္တရာယ်ဟူသမျှကို ချေမှုန်းခဲ့သည့် တိုက်ပွဲများဖြင့် သမိုင်းဂုဏ်ရောင်ထွန်းပြောင်စွာ မော်ကွန်းရေးထိုးထားနိုင်ခဲ့သော တပ်မတော်ဖြစ်သည်။

တပ်မတော်သည် အမိနိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရာတွင် ခန္ဓာ၊ ခြေလက်၊ အသက်များကိုပင်ပေးဆပ်ရန် မတွန့်မဆုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူတို့အပေါ် ကာကွယ်စောင့်ရှောက်ခဲ့မှုများမှာ ညွှန်းဆိုဖော်ပြ၍ မကုန်နိုင်အောင်ပင်ဖြစ်သည်။ ခေတ်သမိုင်းအဆက်ဆက်တွင် မည်သည့်အဖွဲ့အစည်းနှင့်မျှမတူသော အနစ်နာခံ စွန့်လွှတ်စွန့်စားမှု၊ တပ်မတော်၏ စွမ်းဆောင်နိုင်ခဲ့မှုများကို လေ့လာကြည့်မည်ဆိုပါက တပ်မတော်အပေါ် ယုံမှားသံသယရှိမည်မဟုတ်ပေ။ တပ်မတော်ကြီး စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံတော်အတွက်နှင့် တိုင်းရင်းသားမိဘပြည်သူများအတွက်ဖြစ်သကဲ့သို့ ပစ္စုပ္ပန်ကာလတွင်လည်းကောင်း၊ အနာဂတ်ကာလတွင်လည်းကောင်း နိုင်ငံတော်အတွက်၊ ပြည်သူအတွက်ပင်ဖြစ်ပါသည်။

မျက်မှောက်ကာလ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်း စိန်ခေါ်မှုများ အားလုံးတို့သည် ကိုလိုနီခေတ်တွင် မြစ်ဖျားခံခဲ့ခြင်းဖြစ်ပြီး လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလ ဆယ်စုနှစ်များစွာတိုင်အောင် ယနေ့အချိန်အထိ နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်နေရဆဲဖြစ်သည်တို့ကို သတိမူသုံးသပ်ရှုမြင်ကြည့်လျှင် တပ်မတော်က နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ အမျိုးသားရေးတာဝန်များအား ပါဝင်ထမ်းဆောင်ရသည့်အကြောင်းရင်းကို နားလည်လက်ခံကြမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့ကြသည့် နိုင်ငံများသည် ကိုလိုနီဒဏ်ရာဒဏ်ချက်များကို ကုစားကာ ရန်းထလိုသောစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ကို လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ဖွံ့ဖြိုးတိုးတက်လာကြသည်ကို နမူနာယူသင့်သည်။

မြန်မာနိုင်ငံတွင်လည်း လက်ရှိကြုံတွေ့နေရသော နိုင်ငံရေးနှင့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘောထားကြီးစွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောရေးအတွက် တပ်မတော်၏ ရည်မှန်းဆောင်ရွက်ချက်များကို (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များတွင် ထင်ဟပ်ပေါ်လွင်စွာ မြင်တွေ့ရမည်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား ထမ်းဆောင်ရေးသည် တပ်မတော်၏အဓိကတာဝန်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေးဟူသည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို တပ်မတော်က ထမ်းဆောင်နေခြင်းသည် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်များဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် တိုင်းပြည်လွတ်လပ်ရေး၊ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍများတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်မှုများတွင် အစဉ်အလာကြီးမားခဲ့သည့် တပ်မတော်ဖြစ်သည်နှင့်အညီ မျက်မှောက်ကာလတွင်လည်း အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားရေးတာဝန်များကို ချမှတ်ထားသည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များအတိုင်း နိုင်ငံတော်နှင့် တိုင်းရင်းသား မိဘပြည်သူများအကျိုးစီးပွားအတွက် ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း။ ။

## (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ သွားရောက်ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင်စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ ပြဿဒ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည် ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်ခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အာသောကာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနဲ့မဏ္ဍိုင်ကျောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာပညိန္ဒာရာမကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုံပျံတောရ စက်တော်ရာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိအာသောကသီတဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မဟာဗောဓာရုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဆဋ္ဌနေ့)ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (ဆဋ္ဌနေ့)ကို ယနေ့တွင် ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့တွင် စာဖြေစာရင်းသွင်း ၁၂၅၇၄ ပါး/ဦးအနက် ၉၆၀၀ ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၃၅ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကွန်ဟိန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းသက်နှင့် ဝန်ထမ်းများသည် ကွန်ဟိန်းမြို့နယ် အမှတ်(၅၀)ရပ်ကွက်ရှိ နားဆေစာသင်တိုက်ကျောင်းသို့ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစား တပ်မတော်အရာရှိကြီးနှင့် ဇနီးအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစား တပ်မတော်အရာရှိကြီးနှင့် ဇနီးအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစား တပ်မတော်အရာရှိကြီးတစ်ဦးအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှ**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲ၍ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးတို့အတွက် ဘက်ပေါင်းစုံမှ တွန်းအားပေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ပြည်သူလူထု၏ အကျိုးစီးပွား မြင့်မားရေးနှင့် နိုင်ငံ့ကောင်းရာကောင်းကျိုးတို့ကိုသာ အစဉ်ဦးထိပ်ထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်၍လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ စားရေး၊ နေရေး၊ ဝတ်ရေးတို့နှင့်ပတ်သက်၍ အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစား တပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက်ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံမှလစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုကြောင်းနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်ရှိ အရှည် ပေ ၁၀၅၀ ကမြောကင်းတံတားသစ်ဖွင့်ပွဲ ကျင်းပ



ထားဝယ်မြို့ ထားဝယ်–ကမြောကင်း–လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတားသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၆**

ပြည်သူများ သွားလာရေး လွယ်ကူ အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ထားဝယ်မြို့ ထားဝယ်–ကမြောကင်း–လောင်းလုံး လမ်းပေါ်ရှိ ကမြောကင်းတံတားသစ် တည်ဆောက်ရေး စီမံကိန်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်၍ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် ယနေ့ နံနက်ပိုင်းတွင် ကမြောကင်းတံတားသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင်နှင့် ဦးရန်ကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ထားဝယ်–လောင်းလုံးလမ်းပေါ်ရှိ ပေ ၁၀၅၀ အရှည်ရှိသော ကမြောကင်းတံတားကြီးကို အခြားတံတား ဒီဇိုင်းများနှင့်မတူဘဲ ထားဝယ်မြို့၏ Landmark ဖြစ်စေရန် Steel Arch Type ဖြင့် ခိုင်ခံ့လှပထည်ဝါစွာ တည်ဆောက် ဖွင့်လှစ်နိုင်သောကြောင့် ဒေသခံများနှင့် ထပ်တူ ဝမ်းသာကြည်နူးရပါကြောင်း။

ပြည်ထောင်စုကြီး အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံး အချိုးညီဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုး တိုးတက်ရန် အဓိကကျသော လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊တနင်္သာရီတိုင်းဒေသကြီး အတွင်း ဒေသ၏ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့နှင့် ဆက်သွယ်ပေးလျက်ရှိသော ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ်–ဘုတ်ပြင်း–ကော့သောင်း လမ်း (အာဆီယံလမ်းမကြီး အမှတ်–၁၁၂)ကို အာဆီယံလမ်းမကြီးများ၏ လမ်းအဆင့်အတန်း သတ်မှတ်ချက်နှင့်အညီ အနည်းဆုံး အကျယ် ၂၄ ပေ နှစ်လမ်းသွား ကတ္တရာကွန်ကရစ် (AC)လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ် ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ဘုရားကြီး – မော်လမြိုင် – ထားဝယ်–မြိတ် –ဘုတ်ပြင်း – ကော့သောင်း လမ်းမကြီးနှင့် ချိတ်ဆက်လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် တိုက်ရိုက်ဆက်သွယ်ထားသော အာဆီယံလမ်းမကြီး ကွန်ရက်တွင် ပါဝင်သည့် လေညာ–ရတနာပုံလမ်း၊ ထားဝယ်–မေတ္တာ–ထီးခီးလမ်းတို့ကိုလည်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မဟာမဲခေါင်ဒေသ စီးပွားရေးစင်္ကြံ လမ်းမကြီးများနှင့် ချိတ်ဆက်ပြီး အာဆီယံဒေသအတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေခြင်း၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးတွင် အကောင်အထည်ဖော်မည့် ထားဝယ် စီးပွားရေးအထူးဇုန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံး အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပင်လယ်ရေကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်းတို့ဖြင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းပြည်၏ အဓိက ဝင်ငွေရရှိသော ဓာတ်ငွေ့များထွက်ရှိရာ တိုင်းဒေသကြီး တစ်ခုဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးတွင် အရေးကြီးသည့် ဦးစားပေးကဏ္ဍ၌ ပါဝင်နေကြောင်း။

မိမိတို့နိုင်ငံ၏ အနာဂတ် ငြိမ်းချမ်းသာယာအောင် နိုင်ငံသူနိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့် ရည်မှန်းချက် ဦးတည်ချက်များကို ကြိုးပမ်း ပုံဖော်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းစဉ်အပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကမြောကင်း တံတားကြီး ရေရှည်တည်တံ့စေရေးအတွက် ဒေသခံများကဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**စာမျက်နှာ ၅ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်နှင့် ဦးရန်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းဖေတို့ ကမြောကင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



ထားဝယ်မြို့ ထားဝယ်–ကမြောကင်း–လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတားကို တွေ့ရစဉ်။

★ စာမျက်နှာ ၄ မှ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းဖေကတံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တံတားတည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးအား ဒုတိယဝန်ကြီး ဦးဝင်းဖေက အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ကမြောကင်းတံတားအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်နှင့် ဦးရန်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ကမြောကင်းတံတား ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များက အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ကမြောကင်း တံတားသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ် – ကမြောကင်း– မောင်းမကန်လမ်းပေါ်တွင် တည်ရှိကာ အရှေ့ဘက်ကမ်းမှာ ထားဝယ်မြို့ဖြစ်ပြီး အနောက်ဘက်ကမ်းမှာ လောင်းလုံးမြို့နယ်ဖြစ်သည်။

တံတားအမျိုးအစားမှာ အပေါ်ထည် R.C Girder, P.C Girder, Steel Arch Truss နှင့် R.C Decking Slab ဖြစ်ပြီး တံတားတိုင်ကိုယ်ထည် R.C Concrete နှင့် အုတ်မြစ်ကို 1 ဒသမ 2 mØ ၊ 1 ဒသမ 5 mØ ၊ 2 ဒသမ 8 mØနှင့် Bored Pile တို့ဖြင့် တည်ဆောက်ထားကာ တံတားအရှည်ပေ ၁၀၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၅ ပေစီ ပါရှိသည်။ တံတားအောက်ရေလမ်း ကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၁၆ ပေနှင့် တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

ထားဝယ်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ယခင် တံတားဟောင်းသည် ၁၉၇၅ ခုနှစ်မှစ၍ အသုံးပြုခဲ့သဖြင့် တံတား တည်ဆောက်မှုကာလအတွင်း တံတားအကျယ်မှာ လုံလောက်မှုရှိသော်လည်း ယခုအခါ တိုးမြင့်လာသောလူဦးရေနှင့် တစ်ဦးချင်း ယာဉ်အသုံးပြုမှု ပမာဏမြင့်တက်လာမှုကြောင့် အဆိုပါနေရာတွင် နှစ်လမ်းသွား တံတားတစ်စင်း လိုအပ်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက သုံးသပ်၍ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဟောင်းနှင့် ယှဉ်လျက် တံတားသစ်တစ်စင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တံတားကြီး တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၆**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**အထိမ်းအမှတ်ကိတ် လှီးပေး**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်တော်များကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**ပန်းတနော် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာနှင့် မင်းဂရုကျေးရွာတို့၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ရွှေလှေကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လျှပ်စစ်မီးအား မီးခလုတ်နှိပ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ယင်းနောက် ရွှေလှေကျေးရွာရှိ တပ်မတော်ကျောင်းတိုက်သို့ရောက်ရှိ၍ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်တွင် ပြုပြင်ရန်လိုအပ်သည်များကို ပြန်လည်ပြုပြင်ရန်အတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းဂရုကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိ၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာတွင် 100 KVA ထရန်စဖော်မာနှစ်လုံးနှင့် မင်းဂရုကျေးရွာတွင် 100 KVA ထရန်စဖော်မာနှစ်လုံးအား နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးခဲ့ရာ ကျေးရွာတွင်း လျှပ်စစ်မီးရရှိသည့်အတွက် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်းတိုးတက်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မျိုးစေ့ချကိရိယာတပ်ဆင်အသုံးပြုခြင်း သရုပ်ပြအခမ်းအနား ကျင်းပ



**အုတ်ဖို မတ် ၂၆**

အုတ်ဖိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် လူဆွဲမျိုးစေ့ချကိရိယာနှင့် စက်တပ်ဆင်အသုံးပြုခြင်းသရုပ်ပြအခမ်းအနားကို မတ် ၂၄ ရက်က ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက မျိုးစေ့ချကိရိယာတပ်ဆင်အသုံးပြုခြင်း သရုပ်ပြအခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးဝင်းမင်းထွန်းက မျိုးစေ့ချကိရိယာ၏ အစိတ်အပိုင်းများနှင့် တပ်ဆင်အသုံးပြုပုံများ၊ လူဆွဲမျိုးစေ့ချကိရိယာကို အသုံးပြုပါက ရှစ်နာရီကြာစိုက်ပျိုးလျှင် ၃ ဒသမ ၅ ဧကမှ ၅ ဧကအထိ ပြီးစီးနိုင်ကြောင်း၊ ၈ နာရီတွင် လူလေးဦးအသုံးပြုလျှင် လုံလောက်နိုင်ကြောင်း၊ ကိရိယာ၏တန်ဖိုးမှာ ကျပ် ၂ သိန်းမှ ၃ ဒသမ ၁ သိန်းအထိရှိနိုင်ကြောင်း၊ စက်သုံးမျိုးစေ့ချကိရိယာကို အသုံးပြုပါက ရှစ်နာရီကြာစိုက်ပျိုးလျှင် ခြောက်ဧကအထိ ပြီးစီးနိုင်ကြောင်း၊ ၈ နာရီတွင် စက်သုံးဆီခြောက်ဂါလန်ခန့်သာ ကုန်ကျနိုင်ကြောင်း၊ ကိရိယာ၏တန်ဖိုးမှာ ကျပ် ၃ ဒသမ ၅ သိန်းရှိကြောင်း ပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းက မျိုးစေ့ချကိရိယာအားအသုံးပြု၍ စပါးစိုက်ပျိုးမည်ဆိုပါက မျိုးစေ့ကုန်ကျစရိတ်လျှော့ချနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဝန်ထမ်းများက စက်သုံးမျိုးစေ့ချကိရိယာဖြင့် အခြောက်ကြဲခင်းနှင့် အစိုကြဲခင်းတွင် မောင်းနှင်သရုပ်ပြပေးရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့ဘဏ္ဍာ ထိရောက်စွာ ခြိုးခြံချွေတာသုံးစွဲပါ

ညိုညိုဝင်း(ကျေးလက်ဦးစီး)

ကျွန်မ၏ဖခင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးဖြစ်ပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ကျွန်မ၏ဖခင်သည် ရိုးသားကြိုးစား တိကျမှန်ကန်ဖြောင့်မတ်သူတစ်ဦးဖြစ်ပြီး သားသမီးများကိုလည်း မည်သည့်လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ရိုးသားကြိုးစားစွာဆောင်ရွက်ရန် သင်ကြားလေ့ကျင့်ပေးခဲ့သည်။

ကျွန်မ ခြောက်နှစ်အရွယ်ခန့်က ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ မိသားစုလိုက်သွားရာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ပုဏ္ဏရိုက်ပန်းရုံ၌ ပန်းတစ်ပွင့်ဆတ်ခနဲခူးမည်အပြု ကျွန်မ၏ဖခင်က "မခူးနဲ့သမီး ဆရာတော်မသိဘဲခူးရင် ခိုးတာနဲ့ အတူတူပဲ ခွင့်ပြုမှခူးလို့ရတယ်" ဟု ပြောခဲ့သည်ကို ယနေ့အထိ ကျွန်မမမေ့ပါ။ ညစဉ်အိပ်ရာဝင်ခါနီးတိုင်း ကျွန်မတို့မောင်နှမများအား ပုံပြင်များပြောပြ၍ ဆိုဆုံးမလေ့ရှိသည့်အပြင် သူ့အနေဖြင့် နာဂတောင်တန်း လဟယ်မြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ်က ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြလေ့ရှိသည်။

ထိုစဉ်က နာဂဒေသရှိ နာဂတိုင်းရင်းသားအများစုသည် ဆင်းရဲနွမ်းပါးကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မိမိအတွက် ခွဲဝေပေးထားသည့် ရိက္ခာများကိုမျှ၍ ကျွေးမွေးခဲ့ရကြောင်း၊ ယင်းအတွေ့အကြုံကို မည်သည့်အခါမျှ မမေ့ကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေသည် နယ်စပ်ဒေသတွင် နေထိုင်သူများနှင့်လည်း သက်ဆိုင်ကြောင်း၊ ဘဏ္ဍာငွေများအား ၎င်းဒေသများအတွက် ပိုမိုလျာထားသုံးစွဲသင့်ကြောင်းနှင့် မလိုအပ်သည့်နေရာများတွင် စိစစ်သုံးစွဲသင့်ကြောင်း သင်ကြားခဲ့သည်။ အလားတူ မိမိကိုယ်ပိုင်ငွေများကို ခြိုးခြံချွေတာသုံးစွဲရန်၊ ရောင့်ရဲတင်းတိမ်ရန်၊ ဆင်းရဲမှုဒဏ်ကြံ့ကြံ့ခံနိုင်ရန်၊ လောဘမထားရန် စသည်ဖြင့် သင်ကြားခဲ့သည့်အပြင် မိမိရရှိသည့်လစာနှင့် လောက်ငအောင် ခြိုးခြံချွေတာ နေထိုင်တတ်ရန်လည်း လက်တွေ့လေ့ကျင့်ပေးခဲ့သည်။

ကျွန်မတို့မိသားစု ရုန်းကန်လှုပ်ရှားမှုများကြားမှ သားသမီးများဘွဲ့ရပြီး အလုပ်တာဝန်များ ထမ်းဆောင်ရာတွင် ရိုးသားကြိုးစားတိကျဖြောင့်မတ်စွာ ဆောင်ရွက်ကြရန်မှာကြားလေ့ရှိသည်။ ရာထူးတစ်ခုရရှိပြီးတိုင်း အားနည်းချက်များကို ထောက်ပြပြီး မိမိရာထူးနှင့်ထိုက်တန်အောင် ကြိုးစားရမည့်အချက်များ၊ ပြုပြင်ပြောင်းလဲရမည့်အချက်များနှင့် နေထိုင်ပြုမူပြောဆိုရမည့်အချက်များစသည်ဖြင့် ဝေဖန်ထောက်ပြတတ်သည့်အပြင် သားသမီးများအားလုံး ကိုယ့်ကိုယ်ကိုယ်တိုးတက်အောင် အမြဲကြိုးစားနေကြရန်နှင့် အခြားသူများအပေါ် စာနာနားလည်တတ်ပြီး ဘဝင်မမြင့်ရန် လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ လုပ်ငန်းခွင်တွင် မိမိက ရိုးသားမှန်ကန်စွာ ဆောင်ရွက်လိုသော်လည်း မိမိနှင့်အတူ လက်တွဲဆောင်ရွက်ရမည့် အထက်အောက်ဘေးတိုက်ဝန်ထမ်းများက ရိုးသားစွာ လုပ်ဆောင်မှုအားနည်းလျှင်လည်း မိမိနှင့်ဆက်ဆံရေးအဆင်မပြေမှုများဖြစ်ပေါ်နိုင်သည်ကို သတိမူရန်လိုအပ်ကြောင်း ဆုံးမလေ့ရှိသည်။

ကျွန်မသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှစ၍ ဗဟိုစာရင်းရုံးတွင် စာရင်းစစ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ စည်ပင်သာယာရေးဦးစီးဌာန၊ ထိုမှတစ်ဆင့် ၂၀၁၂ ခုနှစ် ဇွန်လ ၇ ရက်နေ့မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည်မှာ ယနေ့အထိဖြစ်သည်။ လုပ်ငန်းခွင်၌ အထက်အောက်ဝန်ထမ်းများနှင့်အတူ လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိနှင့်ခံယူချက်တူညီသူများဖြစ်၍လည်း ကျွန်မ အလွန်ကံကောင်းခဲ့သည်။

ထိုကဲ့သို့ရိုးသားစွာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သော်လည်း ယခင်အစိုးရတစ်ဆက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဘဏ္ဍာရေးတာဝန်ယူဆောင်ရွက်သူများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများ မလျော်မကန်သုံးစွဲနေကြသည်ဟု ခန့်မှန်းပြောဆိုခဲ့သဖြင့် ကိုယ်စားလှယ်ထင်သလို မဟုတ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်သူရှိပါက တိုက်ရိုက်ဖော်ထုတ်ပြီး အပြစ်ပေးအရေးယူနိုင်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။ အဆိုပါပုဂ္ဂိုလ်နှင့်အကြိမ်ပေါင်းများစွာတွေ့ဆုံခဲ့ပြီး ဌာန၏လုပ်ငန်းကိစ္စများ တွေ့ဆုံရှင်းလင်းရာမှ ကျွန်မတို့၏ခံယူချက်၊ စိတ်ဓာတ်များနားလည်ကာ အလွန်ခင်မင်ရင်းနှီးပြီး အပြန်အလှန်လေးစားမှုများရရှိ၍ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်။

**ပြည်သူ့ဘဏ္ဍာငွေ**

မိမိအနေဖြင့် ဦးစီးဌာနတွင် ဘဏ္ဍာရေးအပိုင်းကို အဓိကတာဝန်ယူဆောင်ရွက်နေသူဖြစ်ပြီး ပြည်သူ့ဘဏ္ဍာငွေနှင့်ပတ်သက်၍ ကျယ်ပြန့်စွာလေ့လာဆောင်ရွက်ခဲ့ရသည်။ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင်ထုတ်ပြန်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၇) အရ **ပြည်သူ့ဘဏ္ဍာငွေဆိုသည်မှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့်ဌာန၊ အဖွဲ့အစည်းများ၏ဘဏ္ဍာရန်ပုံငွေများကို ဆိုလိုပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်ထောင်စုအစိုးရက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရန်ပုံငွေကိုဆိုသည်။**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများ၏ပြည်သူ့ဘဏ္ဍာရန်ပုံငွေကိုဆိုသည်။ **ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့များက လုပ်ငန်းဆောင်ရွက်ခြင်းမှ ရငွေများကို စီမံကြီးကြပ်ထိန်းသိမ်းထားရှိပြီး အဆိုပါငွေမှ မိမိတို့၏ ငွေကြေးအင်အားအပေါ်မူတည်၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ထုတ်ယူသုံးစွဲခွင့်ရှိသောရန်ပုံငွေကိုဆိုသည်။

**ဘဏ္ဍာရေးကျင့်စဉ်**

ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲသောအခါ သို့မဟုတ် သုံးစွဲရန်ခွင့်ပြုသောအခါ အောက်ပါဘဏ္ဍာရေးကျင့်စဉ်ကြီး (၅)ရပ်ကို ဦးတည်ကျင့်သုံးရမည်ဖြစ်သည်-

(၁) အသုံးစရိတ်တစ်ရပ်ကို အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍မသုံးစွဲရန် အထူးကြပ်မတ်ရမည်၊
(၂) ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ပင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာ၌ အလားတူချင့်ချိန်သုံးစွဲရမည်၊
(၃) လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏လုပ်ပိုင်ခွင့်အရ အမိန့်တစ်ရပ်ချမှတ်ရာ၌ မိမိအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် အမိန့်ကိုမချမှတ်ရ၊
(၄) ခြွင်းချက်ပြုထားသော ကိစ္စရပ်များမှတစ်ပါး ပြည်သူ့ဘဏ္ဍာငွေများကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏အထူးအခွင့်အရေးအနေဖြင့်အကျိုးကျေးဇူးဖြစ်စေရန် အသုံးမပြုရ၊
(၅) နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကုန်ကျစရိတ်ကို ကာမိစေရန် ခွင့်ပြုသည့် ခရီးစရိတ်ကဲ့သို့သော စရိတ်များသည် လက်ခံရရှိသူအတွက် အမြတ်အစွန်းမဖြစ်စေရ။

> **နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများကို စီမံခန့်ခွဲရာတွင်လည်း ကဏ္ဍအလိုက်လိုအပ်ချက်များကို ပြန်လည်အကျိုးသက်ရောက်မှုနှင့်ချင့်ချိန်၍ ရငွေကောက်ခံရရှိနိုင်မည့်ပမာဏအတွင်း ဘတ်ဂျက်လျာထားရေးဆွဲပြီး ရငွေကောက်ခံသည့်ဌာနများက ရရန်ရှိသည်များ အပြည့်အဝကောက်ခံရရှိအောင် ဆောင်ရွက်သကဲ့သို့ အသုံးစရိတ် သုံးစွဲသည့်ဌာနများကလည်း လိုအပ်သမျှသာ ခြိုးခြံချွေတာသုံးစွဲရန်၊ မိမိကိုယ်ပိုင်ငွေကဲ့သို့ ချင့်ချိန်သုံးစွဲရန်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်၍ ကုန်ကျစရိတ်ထုတ်ယူရာ၌ အကျိုးအမြတ်မရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများကို တစ်စုံတစ်ယောက် အဖွဲ့အစည်းတစ်ခုသို့ အကျိုးအမြတ်ဖြစ်အောင် ဆောင်ရွက်ခြင်းတို့မရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေကို မိမိကိုယ်ကျိုးအတွက် ရယူခြင်းမရှိစေရန် စသည့်အချက်များသည် နိုင်ငံတော်ဘဏ္ဍာငွေကို ထိရောက်စွာသုံးစွဲရန် ဂရုပြုရမည့်အချက်များဖြစ်**

**ထိရောက်စွာသုံးစွဲရန်**

အိမ်ထောင်စုတစ်စုတွင် ဝင်ငွေအသုံးစရိတ်မျှတအောင် ဆောင်ရွက်ရာ၌ သတ်မှတ်ကာလအတွင်း ရငွေနှင့်အသုံးစရိတ်ကို ကြိုတင်ခန့်မှန်းပြီး အသုံးစရိတ်ကို ရရှိသည့်ငွေပေါ်မူတည်၍ သုံးသင့်သည်များကိုသာ သုံးစွဲရပေမည်။ လူတိုင်းတွင် ဆန္ဒအလိုရှိမှုနှင့် မဖြစ်မနေလိုအပ်မှုတို့ရှိပေသည်။ အလိုဆန္ဒသည် အတောမသတ်နိုင်အောင် များပြားလှပေသည်။

အိမ်ထောင်စုတစ်စု၏ အသုံးစရိတ်ကို ထိရောက်စွာသုံးစွဲရန်အတွက် လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းမပြုရန်၊ ခြိုးခြံချွေတာသုံးစွဲရန်၊ လိုအပ်မှုနှင့် လိုအင်ဆန္ဒခွဲခြား၍ လိုအပ်မှုကိုရွေးချယ်သုံးစွဲရန် အရေးကြီးပေသည်။ လိုအပ်မှုများနေလျှင်လည်း ဦးစားပေးအဆင့် ပြန်လည်ခွဲခြား၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအရ အကျိုးသက်ရောက်မှုအခြေအနေအပေါ်မူတည်၍ သုံးစွဲရန် ရွေးချယ်ရမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများကို စီမံခန့်ခွဲရာတွင်လည်း ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြန်လည်အကျိုးသက်ရောက်မှုနှင့် ချင့်ချိန်၍ ရငွေကောက်ခံရရှိနိုင်မည့် ပမာဏအတွင်း ဘတ်ဂျက်လျာထားရေးဆွဲပြီး ရငွေကောက်ခံသည့်ဌာနများက ရရန်ရှိသည်များ အပြည့်အဝကောက်ခံရရှိအောင် ဆောင်ရွက်သကဲ့သို့ အသုံးစရိတ် သုံးစွဲသည့်ဌာနများကလည်း လိုအပ်သမျှသာ ခြိုးခြံချွေတာသုံးစွဲရန်၊ မိမိကိုယ်ပိုင်ငွေကဲ့သို့ ချင့်ချိန်သုံးစွဲရန်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်၍ ကုန်ကျစရိတ်ထုတ်ယူရာ၌ အကျိုးအမြတ်မရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများကို တစ်စုံတစ်ယောက် အဖွဲ့အစည်းတစ်ခုသို့ အကျိုးအမြတ်ဖြစ်အောင် ဆောင်ရွက်ခြင်းတို့မရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေကို မိမိကိုယ်ကျိုးအတွက် ရယူခြင်းမရှိစေရန် စသည့်အချက်များသည် နိုင်ငံတော်ဘဏ္ဍာငွေကို ထိရောက်စွာသုံးစွဲရန် ဂရုပြုရမည့်အချက်များဖြစ်သည်။

**ငယ်စဉ်ဘဝမှစ၍ သင်ကြားလေ့ကျင့်ပေးရန်**

ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိထိရောက်စွာ သုံးစွဲရေးသည် ပြည်သူ့ဝန်ထမ်းတိုင်းတွင် တာဝန်ရှိသည်။ ဤသို့သော အလေ့အကျင့်များကို ဝန်ထမ်းဖြစ်မှ သင်ကြားခြင်းထက် ငယ်စဉ်ကလေးဘဝကတည်းက လက်ဦးဆရာမိဘများက ကျင့်ဝတ်များသင်ကြားပေးခြင်း၊ ဆရာ ဆရာမများက ကျောင်းသင်ခန်းစာသင်ကြားရင်း ထည့်သွင်းသင်ကြားပေးခြင်းတို့ဖြင့် အုတ်မြစ်ချခဲ့ပြီး ပညာပြည့်စုံ၍ ဝန်ထမ်းဘဝကူးပြောင်းသောအခါ သက်ဆိုင်ရာဌာနများမှ သင်တန်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့်သင်တန်းများတွင် သင်ကြားပို့ချခြင်းဖြင့် ပြည်သူ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးကြရမည်။

**တာဝန်ထမ်းဆောင်စဉ်ကာလ လေ့ကျင့်ပေးရန်**

ငယ်စဉ်ဘဝ၊ လုပ်ငန်းခွင်ဝင်သင်တန်းကာလများတွင် သင်ကြားပေးမှုများအပြင် လုပ်ငန်းခွင်ဝင်ရောက်လာသောအခါ လုပ်ငန်းခွင်ရှိ အဆင့်ဆင့်သော ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ရင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် သင်ကြားသကဲ့သို့ ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန်၊ အတုယူစရာ ဝန်ထမ်းကောင်းများအဖြစ် စံပြနမူနာအဖြစ် ရှေ့ဆောင်လမ်းပြနေထိုင်ကျင့်ကြံကြရပေမည်။

**စာရေးသူ၏ဆန္ဒမွန်**

ကျွန်မဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက မိမိဆရာသမားများ၏ လုပ်ကိုင်ဆောင်ရွက်မှု၊ ခံယူချက်သဘောထားများအား အလုပ်လုပ်ရင်းလေ့လာသင်ယူခဲ့ရသည်။ လုပ်ငန်းခွင်တွင် မိမိရိုသေလေးစားအားကျရလောက်သည့် ဆရာသမားများအားတွေ့ရသောအခါ သူတို့ကဲ့သို့ခံယူကျင့်သုံးလိုစိတ်၊ နေထိုင်လိုစိတ်များလည်း ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်တွင် အထက်အဆင့်ဆင့်ဝန်ထမ်းများ၏ ဦးဆောင်လမ်းပြမှုကလည်း အလွန်အရေးကြီးပေသည်။

ဤသို့ ငယ်စဉ်မှစ၍ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်း၊ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဝန်ထမ်းကောင်းများမွေးထုတ်ကာ အဂတိတရားကင်းရှင်းသော စည်းကမ်းပြည့်ဝသည့် နိုင်ငံတော်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်မိသည်။ ။

# ရန်ကုန်စတော့အိပ်ချိန်း၏ (၇) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်စတော့အိပ်ချိန်း၏ (၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ PARKROYAL Yangon ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်စတော့အိပ်ချိန်း အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ၊ စာရင်းဝင်ကုမ္ပဏီများနှင့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့်လည်း အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကို ၁၉၉၆ ခုနှစ်ဝန်းကျင်ကပင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပထမခြေလှမ်းဖြစ်သော မြန်မာနိုင်ငံ စတော့ဈေးကွက်၏ အမြုတေဟုဆိုရမည့် Myanmar Securities Exchange Center(MSEC)ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထိုအချိန်က ကုမ္ပဏီအချို့၏ အစုရှယ်ယာများကို စတင်အရောင်းအဝယ်လုပ်ပေးနိုင်ခဲ့ကြောင်း။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့နှင့် ဂျပန်အိပ်ချိန်းအုပ်စုတို့ ဖက်စပ်ဖွဲ့စည်း တည်ထောင်ထားသည့် ရန်ကုန်စတော့အိပ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ပထမဆုံး စာရင်းဝင် ကုမ္ပဏီဖြစ်သည့် FMI ကုမ္ပဏီ၏ ရှယ်ယာများကို ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်မှ စတင်လက်ခံ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ယခုအခါ ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ခုနစ်ခု၏ ရှယ်ယာများကို ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ ခြောက်ခုမှတစ်ဆင့် အရောင်းအဝယ်များ ပြုလုပ်နေကြသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း။

နိုင်ငံတော်အနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများအတွက် Corporate Income Tax ဖြေလျှော့ပေးခြင်းကို နှစ်စဉ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ ပြဋ္ဌာန်းသည့်အခါတွင် ထည့်သွင်းပြဋ္ဌာန်းပေးပြီး စာရင်းဝင်ကုမ္ပဏီများအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ စာရင်းဝင်ကုမ္ပဏီများဘက်ကလည်း မိမိတို့လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ကောင်းမွန်သည့် Corporate Governance စနစ်များ၊ ပွင့်လင်းမြင်သာမှုရှိစွာ ဖွင့်ဟကြေညာသည့် Disclo-sure စနစ်များကို အလေးထားလိုက်နာကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်စတော့အိပ်ချိန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းနိုင်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ ဦးဝမ်းတင်တို့က အမှာစကားပြောကြားကြပြီး ရန်ကုန်စတော့အိပ်ချိန်း၏ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင်(ငြိမ်း) ဒေါ်တင်မေဦး၊ Win Thin & Associates ၏ Managing Partner ဦးမိုးကျော်၊ MAEX ၏ ဒါရိုက်တာ ဦးသူရိန်အောင်နှင့် Myanmar Legal MHM Limited ၏အကြံပေး ဒေါ်သစ်သစ်အောင်တို့က Future Growth with Financing Options in Myanmar ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံ အထူးကြပ်မတ်ကုသဆောင်သစ်နှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

သထုံ မတ် ၂၆

မွန်ပြည်နယ် သထုံမြို့နယ်၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ပြည်သူ့ဆေးရုံ၏ နှစ်ထပ် အထူးကြပ်မတ်ကုသဆောင်သစ်နှင့် အထက(၁)သထုံ ကျောင်းဝင်းအတွင်းရှိ စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ နှစ်ထပ်အထူးကြပ်မတ်ကုသဆောင်ဖွင့်ပွဲအား ကျင်းပရာ ကုသဆောင်သစ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးမြတ်သွင်နှင့် ခရိုင်ဆေးရုံအုပ် ဒေါက်တာကျော်ဝင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ “ရွှေဝင်းမော်”ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားပြီး အထူးကြပ်မတ်ကုသဆောင်အား လွှဲပြောင်းပေးအပ်ရာ ခရိုင်ဆေးရုံအုပ် ဒေါက်တာကျော်ဝင်းဇော်က လက်ခံရယူခဲ့သည်။

အဆိုပါအထူးကြပ်မတ်ကုသဆောင်မှာ စတုရန်းပေ ၅၀၀၀ ရှိ RCC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၇၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ အထက(၁)သထုံ ကျောင်းဝင်းအတွင်းရှိ စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လိပ်အင်းရပ်ကွက် အထက(၁)သထုံ ကျောင်းဝင်းအတွင်းရှိ စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းဆောင်သစ်သို့ ရောက်ရှိပြီး ရှေးဦးစွာ ကျောင်းဆောင်သစ်အား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးမြတ်သွင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ “ငွေဗိမ္မာန်” ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်အား သထုံပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူး ဦးခဲမိုင်းမှ လက်ခံရယူခဲ့သည်။

အဆိုပါစက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းဆောင်သစ်မှာ အလျား ၁၁၈ ပေ၊ အနံ ၉၆ ပေရှိ RCC တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၅၁ ဒသမ ၇၉၃ သန်းဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်ကာ မတ် ၂၀ ရက်အထိ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုန်းလမ်းကျေးရွာ၌ လမ်းသစ်ဖွင့်ပွဲ ကျင်းပ

နမ့်စန် မတ် ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိနမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၈)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်လစ်ကျေးရွာအုပ်စု ကုန်းလမ်းကျေးရွာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကုန်းလမ်းကျေးရွာတွင် မြေသားတင်သဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအပေါ် ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းသစ်ဖွင့်ပွဲ မှခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ယခုဖွင့်လှစ်သည့် ကုန်းလမ်းကျေးရွာလမ်းသစ်သည် အလျားပေ၂၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု တစ်ပေ ကိုးလက်မရှိ မြေသားတင် သဲဖြန့်ခင်းခြင်း လုပ်ငန်းအမျိုးအစား ဖြစ်ပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သိန်းဖြင့် ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

JJJ

# ဇီးကုန်းမြို့နယ်ရှိ မွေးမြူရေးခြံများ၌ ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

ဇီးကုန်း မတ် ၂၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံများ ဇီဝလုံခြုံရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းတွင် နွားတဲကုန်းကျေးရွာအုပ်စု ထန်းရှစ်ပင်ကျေးရွာအတွင်းရှိ မွေးမြူရေးခြံများတွင် စတင်ဆောင်ရွက်လျက်ရှိသည်။

## ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ ဇီးကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာ ဇော်မင်းဦးနှင့် ဝန်ထမ်းများက မွေးမြူရေးခြံများကို ဇီဝလုံခြုံမှုအားကောင်းစေရန်၊ တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# မြဝတီကုန်သွယ်ရေးဇုန်အဆောက်အဦအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မတ် ၂၆**

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ကုန်စည်စီးဆင်းမှုအား နှောင့်နှေးကြန့်ကြာစေရန်နှင့် ဒေသခံပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ မတ် ၂၅ ရက်တွင် KKO (ခွဲထွက်) အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါ တိုက်ခိုက်မှုကြောင့် ကုန်သွယ်ရေးဇုန် အဆောက်အဦနှင့် X-Ray စက်တို့ ပျက်စီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံးဒဏ်ရာများရရှိခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်း ၁ ဦးနှင့် ဒေသခံ အပြစ်မဲ့ အရပ်သားပြည်သူ ၁ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)နှင့် မြန်မာနိုင်ငံဟာသပညာရှင် များ အစည်းအရုံးတို့က ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များအား လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**
**၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်**

၁။ ကရင်ပြည်နယ် မြဝတီမြို့ရှိ မြဝတီကုန်သွယ်ရေးဇုန်အား ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် KNU ခွဲထွက် KKO အမည်ခံအကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၊ အကောက်ခွန် ဝန်ထမ်း ၁ ဦး၊ အပြစ်မဲ့ပြည်သူ ၁ ဦး သေဆုံးခဲ့ရခြင်း၊ သေဆုံးသူများ၊ နိုင်ငံပိုင်အဆောက်အဦနှင့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် နိုင်ငံတော်အစိုးရမှ နိုင်ငံတော်စီးပွားရေးတည်ငြိမ်တိုးတက်အောင် ဆောင်ရွက်နေမှု၊ ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်စေမှုများကို ဖျက်ဆီးနှောင့်ယှက်ခြင်းသာမကဘဲ ၎င်းကုန်သွယ်ရေးဇုန်ကို အမှီပြုလျက်ရှိသည့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝကိုပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း၊ လူသားမဆန်သော စစ်ရာဇဝတ်မှုကျူးလွန်ခြင်း လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**
**၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်**

၁။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက် ၆ နာရီခွဲခန့်တွင် KNU ခွဲထွက် KKO အမည်ခံအကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က ကရင်ပြည်နယ် မြဝတီမြို့ရှိ မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြုပြီး ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့်ပစ်ခတ်မှုကြောင့် ဌာနဆိုင်ရာ ဝန်ထမ်း (၁) ဦး၊ အပြစ်မဲ့ဒေသခံ အရပ်သားပြည်သူ(၁)ဦး သေဆုံးခဲ့ရပြီး လုံခြုံရေး တပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးဒဏ်ရာများရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ အကြမ်းဖက်သမားများသည် လုံခြုံရေးဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ အရပ်သားပြည်သူလူထုကို ရက်စက်စွာပစ်ခတ်သတ်ဖြတ်၍ လူမဆန်စွာ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဆုံးရှုံးစေပြီး လူမှုစီးပွားဘဝကို ပျက်စီးစေရန်ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေများကို ဆုံးရှုံးစေရုံသာမကဘဲ ပြည်သူလူထုအား လက်နက်ကိုင်ဆောင် တိုက်ခိုက်ခြင်းတို့သည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၂/၂၀၂၃)

**၂၀၂၃ခုနှစ်၊ မတ်လ ၂၆ ရက်၊ တနင်္ဂနွေနေ့**

၁။ မတ်လ(၂၅) ရက်နေ့ နံနက် (၆)နာရီ (၃၀)မိနစ်ခန့်က မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုပြီး ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ပစ်ခတ်မှုကြောင့် ဌာနဆိုင်ရာဝန်ထမ်း(၁)ဦး၊ အပြစ်မဲ့ဒေသခံ အရပ်သားပြည်သူ (၁)ဦး သေဆုံးခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးဒဏ်ရာများ ရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော ကုန်သွယ်ရေးဇုန်နေရာကို ပစ်ခတ်ဖျက်ဆီးခဲ့သည့်လုပ်ရပ်သည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာပြီး ပြည်သူလူထုများအတွက် အကျပ်အတည်းဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ကြောင်း ထင်ရှားသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့် အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်**

၁။ KKO(ခွဲထွက်)အဖွဲ့နှင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့များသည် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်၊ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပျက်ပြားစေရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ မတ်လ ၂၅ရက်နေ့တွင် မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကုန်သွယ်ရေးဇုန်အဆောက်အဦနှင့် X-Ray စက်တို့ ပျက်စီးခဲ့သည့်အပြင် အပြစ်မဲ့ပြည်သူတစ်ဦး၊ ဝန်ထမ်းတစ်ဦးနှင့် လုံခြုံရေးဝန်ထမ်းအချို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပွားခဲ့ပါသည်။

၂။ အဆိုပါအကြမ်းဖက်အဖွဲ့များ၏ စစ်ရေးနှင့် မသက်ဆိုင်သောနေရာများသို့ ယခုကဲ့သို့ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်**

မတ်လ ၂၅ ရက်နေ့၊ နံနက်(၆:၃၀)မိနစ်ခန့်တွင် ကရင်ပြည်နယ်၊ မြဝတီကုန်သွယ်ရေးဇုန်အား KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံးဒဏ်ရာများရရှိကာ ကုန်သွယ်ရေးဇုန် အဆောက်အဦနှင့် X-Ray စက်တို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည့်ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာပင် စိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော နေရာများသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်သဖြင့် PDF အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး သဘောထားထုတ်ပြန်ချက်


**နေပြည်တော် မတ် ၂၆**

KKO (ခွဲထွက်)အဖွဲ့နှင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့များသည် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်၊ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပျက်ပြားစေရန်နှင့် ပြည်သူများ အထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်၍ မတ်လ ၂၅ ရက်နေ့တွင် မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကုန်သွယ်ရေးဇုန်အဆောက်အဦနှင့် X-Ray စက်တို့ပျက်စီးခဲ့သည့်အပြင် အပြစ်မဲ့ပြည်သူတစ်ဦး၊ ဝန်ထမ်းတစ်ဦးနှင့် လုံခြုံရေးဝန်ထမ်းအချို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပွားခဲ့ပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သောနေရာများကို ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်သည်။

**မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်




ပထမဦးဆုံးပြောချင်တာက မြဝတီကုန်သွယ်ရေးဇုန်ကို PDF အမည်ခံအကြမ်းဖက်အဖွဲ့၊ KNU အဖွဲ့ခွဲထွက် KKO အမည်ခံအကြမ်းဖက်အဖွဲ့တွေက မတ်၂၅ ရက် မနက် ၆ နာရီကျော်ကျော်တွင် တိုက်ခိုက်ခဲ့တာရှိပါတယ်။ ပထမဦးဆုံးပြောချင်တာက ဒီဖြစ်စဉ်က မိုက်မဲတဲ့ဖြစ်စဉ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်မှာရှိတဲ့ ကရင်ပြည်သူလူထု၊ အဲဒီဒေသမှာရှိတဲ့ ဒေသခံတွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ အဓိကမှီခိုနေတာသည် မြဝတီကုန်သွယ်ရေးစခန်းဖြစ်ပါတယ်။ မြဝတီ ကုန်သွယ်ရေးစခန်းသည် လုပ်ငန်းများစွာကိုလည်း ဖန်တီးပေးနိုင်တယ်။ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ပေးတဲ့ အဓိကနေရာလည်း ဖြစ်ပါတယ်။ ဒီနေရာကို အဓိကတိုက်ခိုက်တာက ဆင်ခြင်မှုကင်းမဲ့တဲ့လုပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်၊ ဒေသခံတွေနဲ့ ပြည်နယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ပေးတဲ့လုပ်ရပ်၊ မိုက်မဲတဲ့လုပ်ရပ်လို့ ကျွန်တော်ပြောချင်ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ အနောက်ဘက် မီတာ ၂၀၀ လောက်ကနေ ပစ်ခတ်တိုက်ခိုက်ခဲ့တာရှိတယ်။ ကုန်သွယ်ရေးဇုန် အဆောက်အအုံအတွင်း X – Ray စက်တွေကိုလည်း မီးရှို့ဖျက်ဆီးခဲ့တာ ရှိပါတယ်။ ကုန်သွယ်ရေးဇုန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပြန်လည်ခုခံတိုက်ခိုက်ခဲ့တယ်။ အဲဒီအချိန်မှာ ရဲတပ်ဖွဲ့ဝင် သုံးဦး၊ အကောက်ခွန်ဝန်ထမ်း သုံးဦး ကျဆုံးခဲ့တယ်။ အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးခဲ့တာ တွေ့ရပါတယ်။ အဆက်အသွယ် ပြတ်တောက်နေတဲ့ တချို့သော ရဲတပ်ဖွဲ့ဝင်တွေလည်း ရှိပါတယ်။ သေဆုံးတဲ့ ရဲတပ်ဖွဲ့ဝင်၊ အကောက်ခွန်ဝန်ထမ်း၊ အပြစ်မဲ့ပြည်သူတွေကိုလည်း အဲဒီအဆောက်အအုံထဲမှာပဲ အလောင်းတွေကို မီးရှို့ထားတာ တွေ့ရပါတယ်။ လူသားမဆန်တဲ့ လုပ်ရပ်တွေ၊ စစ်ရာဇဝတ်ကျူးလွန်ခဲ့တဲ့လုပ်ရပ်ကိုလည်း တွေ့ရပါတယ်။ အခုနောက်ဆုံး အခြေအနေက မြဝတီမြို့ထဲမှာ နယ်ခြားစောင့်တပ်တွေ၊ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ထိန်းသိမ်းနိုင်တဲ့ အခြေအနေတွေရှိပါတယ်။ အမှတ်(၁) တံတားကို ပြန်ဖွင့်ပါတယ်။ အသွားအလာတော့ နည်းနေပါတယ်။ ဒီနေ့ မနက် ၅ နာရီခွဲတွင် ကော့ကရိတ်မှာ PDF အမည်ခံအကြမ်းဖက်တွေနဲ့ KKO အဖွဲ့တွေက ရမ်းသမ်းပစ်ခတ်တဲ့အတွက် ဆောက်လုပ်ရေးရုံးရဲ့ အနောက်ဘက်မှာ လက်နက်ကြီးကျည်တစ်ခုကျတယ်။ အဲဒီမှာရှိတဲ့ အပြစ်မဲ့အရပ်သားပြည်သူ အသက်၁၄ နှစ်တစ်ယောက် သေဆုံးခဲ့တယ်။ ဒီနေ့မှာပဲ လမ်းမကြီးပေါ်မှာရှိတဲ့ ဆိတ်ဖူးတောင်နဲ့ ဝက်သန်းကြားမှာရှိတဲ့ ရေပြွန်တံတားကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ ဖြစ်စဉ်ရှိပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ဟာ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်မကဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းထဲမှာ အဓိက ကုန်သွယ်ရေးစခန်းလည်း ဖြစ်ပါတယ်။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၈၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၇၁ သန်းကျော်နဲ့ စာရင်းဇယားအရ ကုန်သွယ်မှု ပြုလုပ်နိုင်ခဲ့တဲ့နေရာဖြစ်ပါတယ်။ မြန်မာဘက်က ကုန်သွယ်မှုပိုငွေ ရရှိခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒ့ါအပြင် နယ်စပ်ကုန်သွယ်ရေးပို့ကုန်အားလုံးရဲ့ ၂၂ ဒသမ ၇ ရာခိုင်နှုန်းလောက်ပို့တဲ့နေရာ ဖြစ်ပါတယ်။ အဓိကပို့ကုန်တွေကို ကြည့်မယ်ဆိုရင် စိုက်ပျိုးရေးပို့ကုန်ဖြစ်တဲ့ မြေပဲ၊ ကြက်သွန်နီ၊ နှမ်း၊ ရော်ဘာ၊ ပြောင်းတို့ ပို့တာပဲဖြစ်ပါတယ်။ ဒီလိုမျိုးနေရာတွေကို အကြမ်းဖက်အဖွဲ့ဝင်ရောက်တိုက်ခိုက်တာသည် ဒေသဖွံ့ဖြိုးရေးအတွက် တင်မကဘဲ တစ်နိုင်ငံလုံးမှာ ပြည်သူလူထုရဲ့ ၇၀ ရာခိုင်နှုန်းကျော်အထိ မြို့ပေါ်မှာနေတာ မဟုတ်ဘဲ ရွာတွေမှာနေကြတယ်။ စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကြတယ်။ သူတို့ရဲ့ ထွက်ကုန်တွေသည် မြဝတီကုန်သွယ်မှုဂိတ်ကနေ အများဆုံးပို့နေတဲ့ထွက်ကုန်တွေ ဖြစ်ပါတယ်။ ဒါလုပ်ဆောင်ခြင်းသည် သာမန်ပြည်သူလူထုရဲ့ စားဝတ်နေရေးထမင်းအိုးကို ရိုက်ခွဲတာပါပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်နဲ့ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးကို အဓိကခြယ်လှယ်သူအားလုံးကို ကျွန်တော်တို့အနေနဲ့ ပြတ်ပြတ်သားသား ပြန်လည်ချေမှုန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုကော၊ ကျန်တဲ့အဖွဲ့အစည်းတွေ အနေနဲ့လည်း ကုန်သွယ်ရေးမှာ အဓိကကျတဲ့ သာမန်ပြည်သူလူထုရဲ့စားဝတ်နေရေးကို ထိခိုက်စေတဲ့ သာမန်ပြည်သူလူထုရဲ့ အဓိကစိုက်ပျိုးရေး ထုတ်ကုန်တွေကို တင်ပို့နေတဲ့စခန်းကို နှောင့်ယှက်ခဲ့တဲ့သူတွေကို ပြည်သူ့ရန်သူအဖြစ် ပြတ်ပြတ်သားသား ချေမှုန်းတဲ့နေရာမှာ ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။








# မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိ

မြဝတီ မတ် ၂၆

မြန်မာ–ထိုင်းနယ်စပ် မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းရှိ မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့တွင် မြန်မာ–ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများအား ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ဝင်းက "ကျွန်တော်တို့ ဒီနေ့ မနက် ၇ နာရီကနေစပြီး အခြေချစစ်ဗျူဟာ (သက်န်းညီနောင်)ဦးစီးတဲ့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်အနီးကပ်ကြီးကြပ်ကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့၊ အလုပ်သမားကုန်တင်ကုန်ချတို့ အင်အားအားလုံး ၂၀၀ ကျော်လောက်နဲ့ မနေ့က ပျက်စီးဆုံးရှုံးတဲ့နေရာတွေကို သန့်ရှင်းရေးတွေ လုပ်ပါတယ်။ ပြီးတော့ မီးလိုင်းတွေလည်း ပြန်တပ်ပြီးပါပြီ။ အဓိကကတော့ ပို့ကုန်သွင်းကုန်လုပ်ငန်းတွေကို ကျွန်တော်တို့က ပြန်လည်ပြီး ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင်လည်း ပို့ကုန်ကားတွေ အားလုံးဝင်နေပါတယ်။ သွင်းကုန်ကတော့ လောလောဆယ် အာရှလမ်းမကြီးအခြေအနေကြောင့် ကားတွေဝင်ရောက်နိုင်ခြင်း မရှိသေးပေမယ့် Maccs စနစ်မှာ သွင်းကုန်ကြေညာလွှာတွေကို တင်သွင်းပြီး ဆောင်ရွက်နေပါတယ်။ မကြာခင်လည်း သူတို့လာပြီး ယာဉ်အစစ်ခံမှာဖြစ်ပါတယ်"ဟု ပြောသည်။

"အဓိကကတော့ ကျွန်တော်တို့ မြဝတီကုန်သွယ်ရေးဇုန်အနေနဲ့ မြန်မာ–ထိုင်းကုန်သွယ်မှုမှာ မြန်မာနိုင်ငံက အဓိက ဝင်ပေါက်ဖြစ်နေတော့ ဒီကုန်သွယ်မှုဝင်ပေါက်က တိုင်းပြည်အတွက်လည်း ဘဏ္ဍာငွေက အဓိကအခွန်တွေရနေတော့ ကျွန်တော်တို့က အောင်မြင်အောင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြီးတော့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေကိုလည်း ကျွန်တော်တို့က ဝန်ဆောင်မှုအပြည့်ပေးနေပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။



**ပုံမှန်အတိုင်း ဆောင်ရွက်**

မြန်မာ–ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများကို မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားကြီးနှင့် မြဝတီကုန်သွယ်ရေးဇုန်တွင် ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိရာ သွင်းကုန်အနေဖြင့် တစ်နေ့လျှင် ကားအစီးရေ ၃၀၀ နီးပါး၊ ပို့ကုန်အနေဖြင့် ကားအစီးရေ ၂၀၀ နီးပါး၊ ကုန်ပစ္စည်းတင်မည့် ကုန်မဲ့ယာဉ်များအနေဖြင့် ကားအစီးရေ ၂၀၀ နီးပါး၊ ရန်ကုန်–သီလဝါ SEZ ကိုသွားမည့် ကုန်တင်ကားများအနေဖြင့် တစ်နေ့လျှင် ကားအစီး ၆၀ နီးပါးခန့် သွားလာဆောင်ရွက်လျက်ရှိကြောင်း မြဝတီမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဌေးက ပြောသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ဆည်ရေများဖြင့် စိမ်းလန်းစေသော် စံပြမြို့တော် နေပြည်တော်

**တောင်သူ ဦးအောင်သန်းမင်းသည် ရေရရှိပါက မကြာမီစိုက်ပျိုးတော့မည့် ပဲတီစိမ်းစိုက်ခင်းများအတွက် ထယ်ရေးပြင်နေသည်။ ၎င်းသည် အေးမြင့်သာယာရွာ၌ နေထိုင်အသက်မွေးခဲ့သည်မှာ နှစ် ၆၀ ဝန်းကျင်သို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။**

**မိုးယံ**

စိုက်ပျိုးမြေ ခြောက်ကေခန့်ရှိပြီး မိုးရာသီတွင် စပါးစိုက်ပျိုးခဲ့သည်။ စပါးရာသီကုန်တော့ ဆောင်းသီးနှံ မတ်ပဲ၊ ကုလားပဲ၊ နေကြာ စိုက်ပျိုးခဲ့သည်။ စက်သုံးဆီဈေးကြီးမြင့်မှုကြောင့် ကိုယ်ပိုင်စက်များဖြင့် ရေတင်၍ နွေသီးနှံစိုက်ပျိုးနိုင်ရေးမှာ တောင်သူတို့အတွက် အိပ်မက်သဖွယ်ဖြစ်ခဲ့ရာမှ အေးမြင့်သာယာကျေးရွာအနီး၌ ယာယီချောင်းပိတ်တမံတစ်ခု မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ နွေသီးနှံအဖြစ် နှမ်းနှင့် ပဲတီစိမ်းစိုက်ပျိုးရန် ယခုကဲ့သို့ ထယ်ရေးပြင်နေခြင်းဖြစ်သည်။



တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအနီး ဆင်သေချောင်း ယာယီချောင်းပိတ်ဆည်ကိုတွေ့ရစဉ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပင်လောင်းလမ်းမကြီးနှင့်အပြိုင် စီးဆင်းနေသည့် ဆင်သေချောင်းပေါ်တွင် ယာယီချောင်းပိတ်ဆည်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ပေးခဲ့သည်။

"အရင်က ရေရတဲ့နေရာက စက်သုံးဆီနဲ့ ရေတင်ပြီး တစ်ပိုင်တစ်နိုင် နှစ်ကေလောက် စိုက်ပါတယ်။ အခုလို ယာယီချောင်းပိတ်ဆည် ပြုလုပ်ပေးတဲ့အတွက် ကျွန်တော်တို့အဖို့ စက်သုံးဆီဖိုး ငွေကုန်ကြေးကျမှု မရှိတော့ဘူး။ ရှိတဲ့မြေအကုန် စိုက်ပျိုးနိုင်ပြီ။ အရင်က နှစ်သီးကနေ အခုသုံးသီးစိုက်နိုင်ပြီ။ နည်းပညာအကူအညီတွေ၊ လိုအပ်တာတွေ ထောက်ပံ့ပေးတာကို တကယ်လေးလေးစားစားနဲ့ ကျေးဇူးတင်ပါတယ်" ဟု အေးမြင့်သာယာကျေးရွာမှ တောင်သူ ဦးအောင်သန်းမင်းက ပြောသည်။

သို့သော် ကမ္ဘာတစ်ဝန်း ပြောင်းလဲလာသည့် ရာသီဥတုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုလျော့နည်းလာပြီး စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ရေးမှာ တောင်သူတို့အတွက် စိန်ခေါ်မှုအသွင်ဖြင့် ရင်ဆိုင်နေကြရသည်။

## ညီနောင်ဆည်

သို့မို့ကြောင့် မိုးအကုန်တွင် အလဟဿ စီးဆင်းသွားသည့် ဆင်သေချောင်းမှ မိုးရေများကို သဲအိတ်ပေါင်း ၇၀၀၀၊ မျှော၊ ဝါးကပ်၊ မိုးကာစသည်တို့ဖြင့် အလျား ၁၀၅ ပေ၊ အကျယ် ပေ ၂၀၊ အနက် ငါးပေရှိသည့် ယာယီချောင်းပိတ်ဆည်များကို အေးမြင့်သာယာကျေးရွာအနီး၌လည်းကောင်း၊ ပုံစံတူဆည်တစ်ခုကို အေးမြင့်သာယာကျေးရွာ၏ အထက်ပေ ၁၉၀၀ ခန့်အကွာ ဇေယျာသီရိမြို့နယ် သာယာအေးကျေးရွာအနီး၌လည်းကောင်း တည်ဆောက်နိုင်ခဲ့ပြီး ညီနောင်ဆည်အဖြစ် လာမည့်ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အတူ ဖွင့်လှစ်တော့မည်ဖြစ်သည်။

ဆင်သေချောင်းတွင် ယာယီချောင်းပိတ်ဆည်များ ယခုကဲ့သို့ တည်ဆောက်လိုက်သည့်အတွက် ယခင်က ရေပြင်အမြင့်သည် ကိုးလက်မခန့်သာရှိခဲ့ရာမှ ယခုအခါ အမြင့် ငါးပေအထိ ရရှိလာခဲ့သည်။ ထိုသို့ ချောင်းပိတ်ဆည်များမှ ရေများကို ၁၀၀ ကေဗွီ ထရန်စဖော်မာမှ လျှပ်စစ်လိုင်းသွယ်တန်းပြီး ၅၅ ကီလိုဝပ်ရေတင်စက်ဖြင့် ရေစုပ်တင်ကာ ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြင့်သာယာ ယာယီချောင်းပိတ်ဆည်မှ ရေများကို ၁၅ လက်မပိုက်လိုင်းဖြင့် ရေတင်ပြီး ပေ ၁၈၀၀ နှင့် ပေ ၅၁၀၀ ရှည်သည့် ရေပေးမြောင်း နှစ်ခုတို့မှ တောင်သူ ၆၅ ဦး၏ စိုက်ဧက ၁၈၅ ဧကကို နွေသီးနှံအဖြစ် စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်သည်။

"သာယာအေးကျေးရွာအနီး ယာယီချောင်းပိတ်ဆည် ပြုလုပ်ပြီး ရေသိုလှောင်မယ်။ ရေသွယ်ပိုက်လိုင်း အလျား ပေ ၁၆၀၀ နဲ့ ရေပေးမြောင်း အလျား ပေ ၉၀၀ တို့ကနေ ရေသွယ်ယူပြီး လယ်ယာမြေ ၁၆၉ ဧကကို နွေသီးနှံစိုက်ပျိုးရေပေးဝေသွားမှာပဲဖြစ်ပါတယ်"ဟု သာယာအေးကျေးရွာ ယာယီချောင်းပိတ်ဆည် တည်ဆောက်ရေးတာဝန်ခံ ဦးချစ်ကြည်မောင်က ဆိုသည်။

## ဆည်နှင့်ကန် စုစုပေါင်း ၃၂ ခု

နေပြည်တော်ကောင်စီနယ်မြေသည် စတုရန်းမိုင် ၂၇၂၄ ရှိပြီး စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၃၂၀၀၀၀ ကျော်ရှိသည်။ အလားတူ အရှေ့ရိုးမနှင့် အလယ်ရိုးမအကြားတွင်ရှိပြီး ပေါင်းလောင်း (စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေချောင်း အပါအဝင် ချောင်း၊ မြောင်းများနှင့် ရေလှောင်တမံ၊ ဆည်နှင့်ကန် စုစုပေါင်း ၃၂ ခု ရှိသည်။

မြေဆီမြေနှစ် ကောင်းမွန်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခြေအနေကောင်းများရှိပြီး နိုင်ငံတော်၏အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်နှင့်အညီ Clean City၊ Green City၊ Smart City ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင် ဆောင်ရွက်ရာမှာ ကျွန်တော်တို့က စိုက်ပျိုးရေနဲ့ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ရတဲ့ ဌာနဖြစ်ပါတယ်။ မိုးရာသီကာလမှာ ဆည်ရေ၊ မိုးရေတွေနဲ့ စိုက်ပျိုးရေလုံလောက်ပေမယ့် နွေကာလမှာ သီးထပ်တွေ စိုက်ပျိုးဖို့ခက်ခဲလာတယ်။ ဒါကြောင့် သီးထပ်စိုက်နိုင်အောင် မိုးတွင်းမှာ စီးလာတဲ့ချောင်းရေတွေကို ဆုံးရှုံးမသွားအောင် ယာယီချောင်းပိတ်ဆည်တွေ၊ လျှိုပိတ်တမံတွေ တည်ဆောက်ပြီး ရေသိုလှောင်ထားဖို့ ဆောင်ရွက်ပါတယ်။ သဲချောင်းတွေမှာဆိုရင် သဲထဲမှာရှိတဲ့ ရေတွေကို မြေအောက်တမံတွေနဲ့ ပိတ်ပြီး အပေါ်တက်လာတဲ့ ရေကို ထုတ်လို့ရအောင် ယာယီရေတားတမံတွေ တည်ဆောက်ပြီး ရေပေးဝေနိုင်ရေးကို နည်းလမ်းအမျိုးမျိုးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသတစ်ခုလုံး စိမ်းလန်းစိုပြည်သာယာဖို့အတွက် စိုက်ပျိုးရေလုံလောက်အောင် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ ရေအရင်းအမြစ်တွေကို ကြိုးပမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်ထောင်စုနယ်မြေ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောသည်။

## တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးကာ သီးထပ်စွမ်းအားတိုးတက်

ထိုသို့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၏ စံပြမြို့တော်ဖြစ်စေရေး စီမံဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နေပြည်တော်နယ်မြေအတွင်းရှိ စိုက်ပျိုးမြေများကို တစ်နှစ်ပတ်လုံး သီးနှံများစိုက်ပျိုးပြီး စိမ်းလန်းစိုပြည်ကာ Green City ဖြစ်စေရေးနှင့် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးကာ သီးထပ်စွမ်းအား တိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လက်ရှိရေအရင်းအမြစ် သယံဇာတများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ ရေအသုံးချသူအဖွဲ့ (WUG) တောင်သူများနှင့် ပူးပေါင်း၍ အလေအလွင့်မရှိ စနစ်တကျ ချွေတာအသုံးပြုလျက်ရှိသလို ထပ်မံရရှိနိုင်သော ရေအရင်းအမြစ်သယံဇာတများကိုစူးစမ်းလေ့လာ၍ဖော်ထုတ်အသုံးချနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၁ သို့** ❐



ရာဇဌာနီလမ်းဘေး ဝဲ/ ယာတွင် စိုက်ပျိုးရေဖြည့်စွက်ပေးဝေနိုင်ရေး စက်ရေတွင်းများ တူးဖော်စဉ်။



ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအနီး ဆင်သေချောင်း ယာယီချောင်းပိတ်ဆည်ကိုတွေ့ရစဉ်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမ်းမြို့တောရကျောင်းလမ်း ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

အမ်း မတ် ၂၆

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေယာဉ်ကွင်း-အောက်ရွာ ဆက်သွယ်သော တောရကျောင်းလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ အမ်းတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်ဒေသခံကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရာသီမရွေးသွားလာ နိုင်သောကျေးလက်လမ်းများ ဖြစ်ပေါ်လာခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးထွန်းဝေက ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ အင်ဂျင်နီယာချုပ်(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။



ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမ်းမြို့ အမ်းတောင်ဂေါက်ကလပ်တွင် (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က Smoke Ball ရိုက်ကာ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက သတ်မှတ်တီခုံများမှစတင်ကာ ပါဝင်ယှဉ်ပြိုင်ကြပြီး ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမား ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❐ စာမျက်နှာ ၁၀ မှ

မိုးရာသီအကုန်တွင် ချောင်းများ၊ မြောင်းများမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာအထိ စီးဆင်းသွားမည့်ရေများကို အလဟဿ မဖြစ်စေရေးအတွက် ချောင်းများ၊ မြောင်းများပေါ်၌ ယာယီချောင်းပိတ်ဆည်များပြုလုပ်၍ နွေရာသီတွင် နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆင်သေချောင်းပေါ်တွင် သာယာအေးကျေးရွာအနီး ယာယီချောင်းပိတ်ဆည်၊ အေးမြင့်သာယာကျေးရွာအနီး ယာယီချောင်းပိတ်ဆည်တို့အပြင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအနီး၌ ဆင်သေချောင်း ယာယီချောင်းပိတ်ဆည်တစ်ခု တည်ဆောက်ပြီး Solar Pump ဖြင့် ရေတင်၍ လယ်ယာမြေ ၁၁၅ ဧကကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။

**“မိုးရာသီအကုန်တွင် ချောင်းများ၊ မြောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအထိ စီးဆင်းသွားမည့်ရေများကို အလဟဿမဖြစ်စေရေးအတွက် ချောင်းများ၊ မြောင်းများပေါ်၌ ယာယီချောင်းပိတ်ဆည်များပြုလုပ်၍ နွေရာသီတွင် နွေသီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆင်သေချောင်းပေါ်တွင် သာယာအေးကျေးရွာအနီး ယာယီချောင်းပိတ်ဆည်၊ အေးမြင့်သာယာကျေးရွာအနီး ယာယီချောင်းပိတ်ဆည်တို့အပြင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအနီး၌ ဆင်သေချောင်း ယာယီချောင်းပိတ်ဆည်တစ်ခုတည်ဆောက်ပြီး Solar Pump ဖြင့် ရေတင်၍ လယ်ယာမြေ ၁၁၅ ဧကကို စိုက်ပျိုးရေပေးဝေသွားမည်”**

ထို့အတူ လယ်ဝေးမြို့နယ်၌ ပလွေးချောင်းကိုပိတ်ကာ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်၍ လယ်မြေဧက ၁၂၀ ကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရှားစေးဘိုကျေးရွာအနီး တပ်မတော်ရေလွှဲဆည်မှ ရေစုပ်တင်၍ ရေဆင်းတူးမြောင်းအတွင်း ရေဖြည့်တင်းကာ Mobile Solar၊ Rain Gun တို့ဖြင့် လယ်ယာမြေ ၁၆၆ ဧကကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် ညိုပင်ချောင်း၌ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်၍ လယ်ယာမြေ ဧက ၃၀ ကိုလည်းကောင်း၊ ငလိုက်လက်ယာမြောင်း၊ လက်တံ (၄)၊ မိုင်နာ (၂) မြောင်းအား ပုံစံကျတူးဖော်၍ Plastic Lining ခင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ထားသည့် စက်ရေတွင်းများမှ ရေထည့်သွင်း၍ Mobile Solar၊ Rain Gun တို့ဖြင့်လည်းကောင်း စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။

ထို့ပြင် ပင်လောင်းလမ်းဘေး ဝဲ/ ယာနှင့် ရာဇဌာနီလမ်းဘေး ဝဲ/ယာတို့၌ စက်ရေတွင်းများတူးဖော်၍ စိုက်ပျိုးရေဖြည့်စွက်ပေးဝေခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရန် တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာ၌ စနစ်ကျ လယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းများကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှစ်သီးစားမှ သုံးသီးစားသို့ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေပေးဝေနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ရေလှောင်တမံ၊ ရေလွှဲဆည် ကန်စုစုပေါင်း ၃၂ ခုကို တည်ဆောက်ထိန်းသိမ်း၍ ရေသောက်ဧရိယာ ၇၅၄၃၃ ဧကကို စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရေပြည့်ဝစွာ ရရှိရေး အကောင်အထည်ဖော်နေမှုများအပေါ် သပြေပင်ကျေးရွာမှ တောင်သူ ဦးစိုးတင့်က “အရင်က မိုးတွင်းဆိုပြောင်း၊ ဆောင်းဆို ပဲကြီး၊ နွေဆိုရင် စိုက်ပျိုးရေမလုံလောက်လို့ ဘာမှမစိုက်နိုင်ပါဘူး။ မိုးမျှော်ပြီး စိုက်ပျိုးရတာဆိုတော့ နွေကာလ မိုးမရရင်ဘာမှ မစိုက်နိုင်ဘူး။ အခုတော့ နွေအခါမှာ ဆည်ရေရပြီဆိုတော့ အားကိုးရသွားပြီ။ တောင်သူတွေအားလုံး ဒီလိုအချိန်မရွေး စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က စီစဉ်ပေးတာကို ကျေးဇူးတင်ပါတယ်။ ရေရတော့ ရာသီနဲ့ကိုက်ညီတဲ့ ကိုယ်စိုက်ချင်တဲ့ သီးနှံစိုက်လို့ရသွားပြီ။ ရေရအောင် ထောက်ပံ့ပေးတာ တောင်သူတွေအတွက် ဝမ်းသာပါတယ်”ဟု ပြောသည်။

### နှစ်သီးမှ သုံးသီးအထိ တိုးတက်စိုက်ပျိုးနိုင်

တောင်သူများအနေဖြင့်လည်း နှစ်သီးမှ သုံးသီးအထိ တိုးတက်စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အတွက် တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည့်အပြင် ဒေသအတွင်း ထွက်ရှိသည့်သီးနှံများကို Dry food များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ကာ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများအဖြစ် ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ဆောင်ပေးနိုင်တော့မည် ဖြစ်သည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အထောက်အကူဖြစ်စေမည့်အပြင် တစ်ဦးချင်းဝင်ငွေမှသည် တိုင်းပြည်ဝင်ငွေများ တိုးတက်ရရှိလာကာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

နွေကာလတွင် စိုက်ပျိုးရေမလုံလောက်မှုကြောင့် သွေ့ခြောက်ခဲ့ရသည့် လယ်ယာမြေများသည် ယခုနှစ်တွင် ဆည်ရေများကြောင့် ပဲအမျိုးမျိုး၊ နေကြာ၊ ပဲတီစိမ်း၊ နှမ်း စသည့် သီးနှံများဖြင့် ဝေဆာစိမ်းလန်းလာတော့မည်ဖြစ်ရာ “ကျွန်တော်တို့တောင်သူတွေရဲ့ စွမ်းပကားနဲ့ Green City ဖော်ဆောင်ရေးကို တစ်တပ်တစ်အားပါဝင်ခွင့်ရလို့ ဝမ်းသာတယ်ဗျာ” ဟု တောင်သူ ဦးအောင်သန်းမင်းက ဆည်အတွင်းသို့ တဝေါဝေါစီးဝင်နေသည့်ရေသံများကိုလွှမ်းအောင် အင်ပြည့်အားပြည့်အော်၍ ပြောလိုက်သည်။ ။



တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာတွင် စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ရေဆင်းဆည် လက်ယာ(၁)မြောင်းမကြီး မိုင်နာ(၇)မြောင်းအဆုံးရှိ Tail Structure အား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၉၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၂၅-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၃-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၇၉၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၅၇,၈၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၇၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၃-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၈,၈၃၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၆,၁၁၀) တို့အား ထိုးနှံထားရှိပြီးဖြစ်သည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၅-၃-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၈,၈၃၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၆,၁၁၀ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တာချီလိတ်မြို့၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

တာချီလိတ် မတ် ၂၆

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဆေခမ်းလမ်းမကြီး အရှည် ပေ ၅၀၀၀၊ အကျယ် ၃၆ ပေ၊ ဒု ၁၀ လက်မ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး လမ်းအလှူရှင် Robust Friendly Market Company မှ ဦးဇော်ဇော်က လှူဒါန်းဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆေခမ်းရပ်ကွက်မှ ရပ်မိရပ်ဖ ဦးနန်တစ်ပ်က ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ



က လမ်းအလှူရှင် Robust Friendly Market Company မှ တာဝန်ရှိသူကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး လမ်းအလှူရှင်က လမ်းနှင့်ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးခွန်ဇော်ဦးနှင့် အင်ဂျင်နီယာမှူး ဦးရဲထွန်းထံသို့ လည်းကောင်း၊ လမ်းဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်များအား တာဝန်ရှိသူများထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ ဦးဇော်ဇော်နှင့် တာဝန်ရှိသူတို့က ကွန်ကရစ်လမ်းသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဆေခမ်းလမ်းမကြီးသည် ယခင်က အကျယ် ၁၈ ပေသာရှိသော ကတ္တရာလမ်းဖြစ်ပြီး မိုးတွင်းကာလ ရေကြီးရေလျှံဖြစ်ပေါ်မှုကြောင့် လမ်းမကြီးမှာ သွားလာ၍မရတော့သည်အထိ ပျက်စီးခဲ့သဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၏ ဦးဆောင်မှုဖြင့် Robust Friendly Market Company က လှူဒါန်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး ငွေကျပ် သန်း ၁၈၄၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပျော်ဘွယ်မြို့နယ် စုပေါင်းရုံးလမ်း ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းဖွင့်ပွဲ ကျင်းပ

ပျော်ဘွယ် မတ် ၂၆

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် စုပေါင်းရုံးလမ်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းဖွင့်ပွဲကို မတ် ၂၂ နံနက် ၉ နာရီက အဆိုပါလမ်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က ကတ္တရာထပ်ပိုးလွှာလမ်းခင်းနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစံထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်၊ အဖွဲ့ဝင်ဗိုလ်မှူးဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းခင်းထားမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။



စုပေါင်းရုံးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၁၇ ဒသမ ၇၈၀ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ မိုးနံကုန်းကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၁၀ ဒသမ ၀၀ သန်း၊ ကျေးရွာပြည်သူလှူဒါန်းငွေကျပ် ၈ ဒသမ ၃၈ သန်း စုစုပေါင်း ၁၈ ဒသမ ၃၈ သန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်အား ခင်းနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်

ရေတာရှည် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရက်သတ္တပတ် အစီအစဉ်အရ မတ် ၂၅ ရက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ဝင်ပေါက်လမ်း ဝက်မွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ (ရေတာရှည်)၊ ရေတာရှည်မြို့နွားပွဲဈေးနှင့် ကြက်/ဝက် မွေးမြူရေးခြံများ၌ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြည်လင် ဦးဆောင်ကြီးကြပ်မှုဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများပူးပေါင်း၍ မွေးမြူသည့်တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး၊ ဇီဝလုံခြုံမှုရှိစေရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ နွားပွဲဈေးနှင့် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တရုတ်နှင့် ဟွန်ဒူးရပ်စ် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးထူထောင်ရန် သဘောတူလက်မှတ်ရေးထိုး

ပေကျင်း မတ် ၂၆

တရုတ်နှင့် ဟွန်ဒူးရပ်စ် နှစ်နိုင်ငံက သံတမန်ဆက်ဆံရေးထူထောင်ရန် ယနေ့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ဆက်ဆံရေးထူထောင်မှုဆိုင်ရာ သဘောတူစာချုပ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းနှင့် ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီး အက်ဒူရာဒို ရိုင်နာတို့က လက်မှတ်ရေးထိုးခဲ့သည်။


နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး နှစ်နိုင်ငံ အပြန်အလှန်နားလည်မှုရှိစွာဖြင့် ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဆိုင်ရာနယ်ပယ်များ၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘက်စုံမူဘောင်များအောက်တွင် ပိုမိုနီးကပ်သော ဆက်သွယ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုကို ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီး အက်ဒူရာဒို ရိုင်နာက ပြောကြားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် အမေရိကအလယ်ပိုင်းတွင် တည်ရှိပြီး အရေးပါသောနိုင်ငံဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်ခြင်းကို ကြိုဆိုတန်ဖိုးထားပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ ၅ ချက်ကို လိုက်နာခြင်းဖြင့် နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုးစီးပွားအတွက် နယ်ပယ်အသီးသီးတွင် ဟွန်ဒူးရပ်စ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် အသင့်ရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**






## ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ မေလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြန်လည်ဝင်ရောက် ယှဉ်ပြိုင်မည်

ဗန်ကောက် မတ် ၂၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက မေ ၁၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲ၌ ၎င်း၏ပါတီမှ ဦးစားပေး ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် မတ် ၂၅ ရက်တွင် ရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်အမည်စာရင်း တင်သွင်းခဲ့ကြောင်း ယနေ့ စီအင်န်အေသတင်းတစ်ရပ်အရ သိရသည်။

အသက် ၆၉ နှစ်အရွယ်ရှိ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် လက်ရှိအချိန်တွင် ညီညွတ်သော ထိုင်းအမျိုးသားပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံတွင် ယခင်အထွေထွေရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် မတ် ၂၄ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်မတ် ၂၃ ရက်တွင်အစိုးရလေးနှစ်သက်တမ်းကို အဆုံးသတ်ရေး ပါလီမန်အား ဖျက်သိမ်းရေးအမိန့်ချမှတ်ရန် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက တောင်းဆိုခဲ့ကြောင်း သိရသည်။

ပရာယွတ်ချန်အိုချာက လာမည့်အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါက လက်ရှိအစိုးရ၏ ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များကို ၎င်းဦးဆောင်သည့် နောက်လာမည့် အစိုးရအနေဖြင့် ဆက်လက် ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အလင်းသစ်**

## အိန္ဒိယအာကာသသုတေသနအဖွဲ့ ဂြိုဟ်တု ၃၆ စင်း သယ်ဆောင်ထားသည့် ဒုံးပျံတစ်စင်း လွှတ်တင်

နယူးဒေလီ မတ် ၂၆

အိန္ဒိယအာကာသသုတေသနအဖွဲ့က ဂြိုဟ်တု ၃၆ စင်း သယ်ဆောင်ထားသည့် ဒုံးပျံတစ်စင်းကို ယနေ့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ LVM3–M3 ဒုံးပျံကို အိန္ဒိယနိုင်ငံတောင်ဘက်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဘင်္ဂလားပင်လယ်အော်ကမ်းလွန်လွင်ပြင်ရှိ ဆာတစ်ရှ်ဒါဝန်အာကာသစင်တာမှ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

LVM3–M3 ဒုံးပျံလွှတ်တင်မှုအစီအစဉ်သည် ဗြိတိန်နိုင်ငံ အခြေစိုက် OneWeb ကုမ္ပဏီအတွက် စီးပွားရေးအရ လွှတ်တင်ခြင်းဖြစ်သည်။

OneWeb ကုမ္ပဏီနှင့် New Space India Limited တို့က ဂြိုဟ်တု ၇၂ စင်း လွှတ်တင်ရန် စာချုပ်ချုပ်ဆိုထားသည်။

ယခု ဒုံးပျံလွှတ်တင်မှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ် ဂြိုဟ်တု ၃၆ စင်းကို LVM3–M2/ OneWeb India–1 ဒုံးပျံဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**





## အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်၊ အနည်းဆုံး ၂၃ ဦး သေဆုံး

ဝါရှင်တန် မတ် ၂၆

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်၌ လေဆင်နှာမောင်းတစ်ခု ယမန်နေ့က တိုက်ခတ်ခဲ့ရာ အနည်းဆုံး ၂၃ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

မစ္စစ္စပီ အရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြိုကျခဲ့သည့် အပျက်အစီးများအောက်၌ အနည်းဆုံး လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြောသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် သေဆုံးမှုစာရင်း မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ရိုးလင်းဖော့ခ်မြို့သည် လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရကြောင်း ရိုးလင်းဖော့ခ်မြို့တော်ဝန်က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် မစ္စစ္စပီ၊ အလာဘားမားနှင့် တန်နက်ဆီပြည်နယ်တို့၌ လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရားမဝင် သစ်မျိုးစုံ၊ အလှကုန်၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘိုကလေးမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၁၇ ဒသမ ၀၅၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၅၆၉၂၇ ကျပ် )ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အလားတူ မတ် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးမြို့နယ်နှင့် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃/၆)မိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား ၃ ဒသမ ၆၁၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၃၈၇၀၈၈ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Canter Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၅၃၈၇၀၈၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်လှုပ်ရှားစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Nova Hair Dryer အခု ၂၄၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော Collagen Lifting Serum ဘူး ၄၀၀ ၊ IAIA 350W Solar Panel များ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေ ၇၉၄၅၈၂၂၅ ကျပ် )နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Solar Air-Conditioner တစ်လုံး၊ Computer Compect Disc CD ချပ် ၁၈၀၀၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၄၀၀၀၀) ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော EP664 INKJET -Ink ၂၅၀၀ ဘူး၊ Air Filter ၇၈၃ ခု အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး(ခန့်မှန်းတန်ဖိုးငွေ ၁၇၄၀၄၉၆၀၈ ကျပ်)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၇၂၄၇၈၃၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၉၈၁၉၁၈၄၈ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက သိရသည်။

**သတင်းစဉ်**

## တစ်နှစ် သုံးသီး တတိယသီးနှံ(နွေစပါး)စုပေါင်းကြဲပက်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

မြန်အောင် မတ် ၂၆

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ကွင်းကြီးဒေါင့်ကျေးရွာအုပ်စု ပန်းညိုကွင်းကျေးရွာ ကွင်းမှတ် (၂၀၉)၊ တောင်သူ ဦးသန်းထွန်းပါ ၁၆ ဦးတို့၏ လယ်မြေဧက ၃၀ တွင် ယနေ့ နံနက်ပိုင်းက တစ်နှစ်သုံးသီး တတိယ သီးနှံနွေစပါး ရက် ၉၀ စပါးမျိုး စုပေါင်းကြဲပက်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပသည်။



တစ်နှစ်သုံးသီး တတိယသီးနှံ (နွေစပါး)စုပေါင်းကြဲပက်စိုက်ပျိုးပွဲကို မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင် (၂) ဦးမြင့်နိုင်၊ မြန်အောင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဦးစီးမှူး ဦးစိုးမြင့်အောင်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအတွင်းရှိ စိတ်ပါဝင်စားသူတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်မြေတွင် တစ်နှစ်သုံးသီးအဖြစ် မိုးစပါး၊ မတ်ပဲ၊ နွေစပါး စိုက်ပျိုးခြင်းဖြစ်ပြီး မြန်အောင်မြို့နယ်အတွင်း နွေစပါး စိုက်ဧက ၉၃၂၇ ဧက ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်


### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၃-၂၀၂၃ တနင်္လာနေ့

**MRTV HD**

၀၄:၄၅ ၂၀၂၃ခုနှစ်၊(၇၈) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘက်
၀၉:၂၅ (၇၈) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ Economic Review
၁၁:၃၅ ဘဝနှင့်အနုပညာ "ရွှေဂေါင်းပြောင်ရဲ့ ပထမစာမျက်နှာ" (သရုပ်ဆောင်/ ဒါရိုက်တာ-တိုးညွန့်)(အပိုင်း-၂)
၁၂:၃၀ "၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့်အခြေခံပညာအလယ်တန်းအဆင့် (Grade-9)ပြီးမြောက်အောင်မြင်ပြီးပညာဆက်လက်သင်ယူမည့်ကျောင်းသား၊သူများနှင့်မိဘပြည်သူများသိရှိနိုင်စေရန် အသိပေးနှိုးဆော်ချက်"
၁၂:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "**ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး**" (အပိုင်း-၁)
၁၃:၃၀ MRTV National News
၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
၁၇:၁၅ "သတင်းသမားပြောတဲ့သတင်းစကား"
၁၇:၄၀ "This Week's Special Interest"
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ "New Future Program"
၁၉:၀၀ (၇၈) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လှိုင့်ဖျံ့အမှုန်း**" (အပိုင်း-၀၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု "**ပြည်ချစ်သားမွန်တေးသဝဏ်တေးဂီတ**" အစီအစဉ်

**mitv**

07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:11 Travalogue: "Anyar Myay" or Upcountry (Part - 1)
07:35 Myanmar Sculpture-work of Art
07:52 Orphanage
08:01 News
08:27 Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part - 7 (Music) Part - A
09:01 Karunar Kabar Home for the Aged (Nay Pyi Taw)
09:20 Amazing: Magician Sak Kaw Ma
09:35 Daingnak Style
09:49 Charming & Fragrant Sabai
10:01 News
10:26 Topical Topics (No.30) Information Technology, IT and IT Tool
10:31 Introductory Programme of Literary Award Winners: Maung Nai (Dathanika)

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၂)

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
စစ်သမိုင်းပြတိုက်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားက ရှုမငြီးတဲ့လမ်းခရီး

**"ဝ" (၁၄:၀၀)မှ(၁၆:၀၀)ထိ**
ပျော်ရွှင်စရာ "ဝ" ရိုးရာစကားထမင်းဝိုင်း

**ကချင် (၁၆:၀၀)မှ (၁၈:၀၀)ထိ**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာ

**ကယား (၁၈:၀၀)မှ(၂၀:၀၀) ထိ**
တစ်နယ်တစ်ကျေးက ကယားတို့ရွာ

**ဝကေကရင် (၂၀:၀၀)မှ (၂၁:၀၀)ထိ**
မုန့်ဟင်းခါးချက်စားရအောင်

**အနောက်ပိုးကရင် (၂၁:၀၀)မှ(၂၂:၀၀)ထိ**
တံမြက်စည်းလက်မှုပညာ

**အရှေ့ပိုးကရင် (၂၂:၀၀)မှ(၂၃:၀၀)ထိ**
လိုင်ငှထောင်ဗလာမီး ရေတံခွန်

**MRTV NEWS**

၀၄:၄၀ အဖွင့်၊တေးသီချင်း
၀၄:၄၅ "(၇၈) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ Weekly Selected News
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ရေအသုံးကုန်းတစ်ဝက်"
၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၇
၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
၁၁:၃၀ 'အတွေးအမြင်' အပိုင်း-၇

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘက်
၀၇:၅၀ နိုင်ငံတကာနည်းပညာတို့လယ်တောမှာ ကျင့်သုံးပါ
၀၈:၀၀ ကော်ဖီသုတေသနမှသည်ကော်ဖီကဏ္ဍ တိုးတက်ဖို့မျှော်ရည်
၀၈:၂၀ ရွှေတောင်ခြံဝါသုတေသနမှသည်စိုက်ကွင်းဆီ
၀၈:၅၀ လယ်လုပ်သူတို့ပျော်ရွှင်ချိန်
၀၉:၁၅ မြန်မာ့လယ်ယာထွက်ကုန်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်
၀၉:၄၀ ခေတ်မီတွေးမြင်နည်းသစ်ထွင်(ရေချွေတာဖို့ လမ်းစဉ်များတောင်သူတို့အားထား)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports NEWS
၀၇:၃၀ Soccer View/ Weekly Sports Info/Sports Diary/Weekly MNL Review/Weekly Soccer Preview
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ယနေ့ တနင်္လာနေ့ မှအစ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# KKO(ခွဲထွက်)အဖွဲ့နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးတို့ သေဆုံး








မြဝတီကုန်သွယ်ရေးဇုန် တိုက်ခိုက်ခံရမှု မှတ်တမ်းဓာတ်ပုံများ။

နေပြည်တော် မတ် ၂၆

KKO(ခွဲထွက်)အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ကုန်စည်စီးဆင်းမှုအား နှောင့်နှေးကြန့်ကြာစေရန်နှင့် ဒေသခံပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန် ရည်ရွယ်၍ မတ် ၂၅ ရက်တွင် မြဝတီ ကုန်သွယ်ရေးဇုန်အား ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းများ လုပ်ဆောင်လာခဲ့သောကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်းဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**ထိခိုက်ကျဆုံး**

ဖြစ်စဉ်မှာ မြဝတီကုန်သွယ်ရေးဇုန်အား မတ် ၂၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ကုန်သွယ်ရေးဇုန်၏ အနောက်ဘက် မီတာ ၂၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဌာနဆိုင်ရာဝန်ထမ်း တစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံးဒဏ်ရာများ ရရှိခဲ့ကာ ကုန်သွယ်ရေးဇုန် အဆောက်အအုံနှင့် X– Ray စက်တို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော နေရာများသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဖျာပုံမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မျောပါလျက်ရှိသည့် ကျားဖောင်လုပ်သားများအား ကူညီကယ်ဆယ်

နေပြည်တော် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေထဲမျောပါနေသည့် ကျားဖောင်လုပ်သား သုံးဦးအား ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ရတနာရေနံစင် အထောက်အကူပြုရေယာဉ်မှ ကယ်ဆယ်ပေးခဲ့ပြီး ယနေ့ညနေ ၃ နာရီခန့်တွင် စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျားဖောင်လုပ်သား သုံးဦးသည် မတ် ၂၅ ရက် ည ၁၀ နာရီခန့်တွင် ဖျာပုံမြစ်ဝမှ ၁၀ မိုင်ခန့်အကွာရှိ ကျားဖောင်ပေါ်တွင် ကျားဖောင်လုပ်ငန်းလုပ်ကိုင်နေစဉ် လှိုင်းလေပြင်းထန်သဖြင့် ကျားဖောင်တိမ်းမှောက်ကာ ရေထဲသို့မျောပါခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျားဖောင်လုပ်သားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရတနာရေနံစင် အထောက်အကူပြုရေယာဉ်ပေါ်မှ စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ကျွေးမွေး၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်နေ ထက်ရှိုင်းအောင်(ခ) ရဲဘော်ရှိုင်းအောင်သည် ၎င်းအသုံးပြုသည့် “Htet Shine Aung” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၆**

၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျပန်းစကားပြောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင် ၁၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မတ် ၂၂ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် မတ် ၂၆**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က ဦးစီးကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)နှင့် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့၌ ပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ သွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာသန်းထွန်းဦးနှင့် ဦးမင်းမြတ်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးထင်ကျော်မိုး၊ တိုင်းဒေသကြီးနှင့် ခရိုင်မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့နယ်အသီးသီးမှ အသင်းဝင် သွေးအလှူရှင်များ တက်ရောက်ကြသည်။

**လှူဒါန်း**

ထို့နောက် သွေးအလှူရှင်များက တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ သွေးပုလင်း ၆၀၊ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ သွေးပုလင်း ၂၀ စုစုပေါင်း သွေးပုလင်း အလုံး ၈၀ တို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၃-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၄ | ၂၀၈၈ |
| 95 Ron | ၂၁၀၄ | ၂၁၈၀ |
| HSD (500 ppm) | ၁၉၇၃ | ၂၀၄၁ |
| HSD (50 ppm) | ၂၀၄၆ | ၂၁၁၇ |
| HSD (10 ppm) | ၂၀၄၆ | ၂၁၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရာသီဥတုအဆိုးရွားဆုံးပြောင်းလဲလာမှု တားဆီးကာကွယ်ရန် နောက်ဆုံးအခွင့်အရေးသို့ နီးကပ်လာပြီဟု သတိပေး

**မောင်သာယာ**



ကုလသမဂ္ဂသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့က ရာသီဥတုအဆိုးရွားဆုံးပြောင်းလဲလာမှုကို တားဆီးကာကွယ်ရန် လူသားတို့အနေဖြင့် ၎င်းတို့၏ နောက်ဆုံးအခွင့်အရေးသို့ နီးကပ်လာနေပြီဟု သတိပေးခဲ့သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်းအဖွဲ့(အိုင်ပီစီစီ)က ကမ္ဘာကြီးအနေဖြင့် ကာဗွန်ညစ်ညမ်းမှုနှင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို ၂၀၃၅ ခုနှစ်တွင် သုံးပုံနှစ်ပုံနီးပါး လျှော့ချရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ သိပ္ပံပညာရှင်များက ရုပ်ကြွင်းလောင်စာအသစ်များ တူးဖော်မှုကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။ ထို့ပြင် ၎င်းတို့က ၂၀၄၀ ပြည့်နှစ်တွင် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အသုံးပြုမှုကို ရပ်တန့်ရန်လည်း နိုင်ငံများကို တိုက်တွန်းထားသည်။

"လူသားတွေက ပါးလွှာတဲ့ရေခဲပြင်ပေါ်မှာရှိနေပြီး အဲဒီရေခဲပြင်ကလည်း အရည်ပျော်တာ မြန်လွန်းနေပါတယ်။ ကျွန်တော်တို့ကမ္ဘာကြီးဟာ ရာသီဥတုပြောင်းလဲမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်တွေကို အားလုံးတစ်ပြိုင်တည်း လုပ်ဆောင်ဖို့ လိုအပ်နေပါတယ်"ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားသည်။

ဂူတာရက်စ်က ကျောက်မီးသွေးများ အသစ်တူးဖော်အသုံးမပြုရန် တောင်းဆိုရုံသာမက ချမ်းသာသောနိုင်ငံများတွင် ၂၀၃၀ ပြည့်နှစ် ဆင်းရဲသောနိုင်ငံများ ၂၀၄၀ ပြည့်နှစ်တို့တွင် ကျောက်မီးသွေးအသုံးပြုမှုကို ရပ်တန့်ကြရန်လည်း တောင်းဆိုခဲ့သည်။ ထို့ပြင် ဖွံ့ဖြိုးပြီးကမ္ဘာတွင် ၂၀၃၅ ခုနှစ်တွင် ကာဗွန်ကင်းစင်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲကြရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။ ၂၀၃၅ ခုနှစ်သည် ပါရီသဘောတူညီချက်အရ ကမ္ဘာ့နိုင်ငံများသည် လေထုညစ်ညမ်းမှုလျှော့ချရေး ရည်မှန်းချက်များ ချမှတ်ရမည့်နှစ်ဖြစ်သည်။

**ပါရီသဘောတူညီမှု ကန့်သတ်ချက်ထက် ကျော်လွန်ခြင်း**

၂၀၁၅ ပါရီ ရာသီဥတုသဘောတူညီချက်သည် ပူနွေးလာမှုအခြေအနေကို စက်မှုခေတ်မတိုင်မီက ရှိခဲ့သည့်အတိုင်း ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ကန့်သတ်ထားရန် ရည်မှန်းထားခဲ့ကြသည်။ သို့သော်လည်း ကမ္ဘာကြီးသည် ၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်လောက်အထိ ပူနွေးနေပြီဖြစ်သည်။ သိပ္ပံပညာရှင်များက ၎င်းတို့အနေဖြင့် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် အမှတ်အသားသို့ရောက်ရှိအောင် လုပ်ဆောင်ရန်မှာ နောက်ဆုံးသတိပေးချက်ဖြစ်ဖွယ်ရှိကြောင်း အေပီသတင်းဌာနသို့ ပြောကြားသည်။

သိပ္ပံပညာရှင်များက ကမ္ဘာကြီးပူနွေးလာမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် အမှတ်အသားကို ကျော်လွန်ပြီးနောက် သို့မဟုတ် မကြာမီကျော်ဖြတ်ရန်လမ်းကြောင်းပေါ်ရောက်ရှိပြီးနောက်တွင် ၎င်းတို့အနေဖြင့် နောက်ထပ်အစီရင်ခံစာများ ထွက်ပေါ်လာဖွယ်ရှိကြောင်း ပြောကြားသည်။ ကမ္ဘာကြီးပူနွေးလာမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိရန်မှာ သေချာသလောက်ရှိကြောင်း သိပ္ပံပညာရှင်များစွာက ပြောကြားထားသည်။

"ကျွန်တော်တို့တွေဟာ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထဲတော့ ရောက်နေကြပါပြီ။ ဒါပေမဲ့ အပူချိန်က အဲဒီထက်တိုးလာ၊ မလာ စိုးရိမ်စရာရှိပါတယ်"ဟု ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင် မာတယ်မိုင်းရှောင်ဆန်က ပြောကြားသည်။

"အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ကျော်သွားပြီဆိုရင်တော့ အန္တရာယ်တွေက အစုလိုက်အပုံလိုက်ရောက်လာပါတော့မယ်"ဟု အစီရင်ခံစာ ပူးတွဲရေးသားသူ စတော့ဟုမ်း ပတ်ဝန်းကျင်အင်စတီကျုမှ ရာသီဥတု၊ မြေယာနှင့် မူဝါဒဆိုင်ရာ သိပ္ပံပညာရှင် ဖရန်စစ် အိတ်ခ် ဂျွန်ဆင်က ပြောကြားသည်။

အိုင်ပီစီစီ၏ နောက်ဆုံးအစီရင်ခံစာအရ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များတွင် မျိုးစိတ်များနှင့် သန္တာကျောက်တန်းများ ပျက်စီးဆုံးရှုံးခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာခြင်းတို့ ပါဝင်သည်။

ပူနွေးမှုကန့်သတ်ချက်အောက်တွင် နေထိုင်ရန်အတွက် ကမ္ဘာကြီးအနေဖြင့် ၂၀၃၅ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချရန် လိုအပ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ အဆိုပါအချက်သည် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ ခြောက်ခုတွင် မပါဝင်သော ပစ်မှတ်သစ်တစ်ခုဖြစ်သည်။

"ကျွန်တော်တို့ဟာ လမ်းကြောင်းမှန်ပေါ်ရောက်နေတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သိပ်တော့ နောက်မကျသေးပါဘူး"ဟု အစီရင်ခံစာ ပူးတွဲရေးသားသူ ရေဆိုင်ရာသိပ္ပံပညာရှင် အဒီတီမူခါဂျီက ပြောကြားသည်။

အိုင်ပီစီစီ၏ အစောပိုင်းထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ကမ္ဘာကြီးပူနွေးမှု အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ကျော်လွန်သွားပါက ထိခိုက်ပျက်စီးမှုများ မည်မျှဆိုးမည်ကို အသေးစိတ်ဖော်ပြထားသည်။ အစီရင်ခံစာအသစ်တွင် လက်ရှိသို့မဟုတ် အဆိုပြုထားသော အခြေခံအဆောက်အအုံများကို စွမ်းအင်ပေးရန် ရုပ်ကြွင်းလောင်စာများကို ဆက်လက်အသုံးပြုခြင်းသည် ကမ္ဘာမြေကို အနည်းဆုံး ၂ ဒီဂရီစင်တီဂရိတ်ထိ ပူနွေးစေမည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒိုက်ပတ်ခ် ဒက်စ်ဂူပတာသည် အိန္ဒိယနိုင်ငံ စွမ်းအင်နှင့် သယံဇာတအရင်းအမြစ် အင်စတီကျုမှ ရာသီဥတုဆိုင်ရာ စီးပွားရေးပညာရှင်ဖြစ်ပြီး အစီရင်ခံစာကို ပူးတွဲရေးသားသူဖြစ်သည်။ ယခုအစီရင်ခံစာသည် လွန်ခဲ့သည့် နှစ်အနည်းငယ်က အချက်အလက်များကို အခြေခံထားခြင်းဖြစ်ပြီး ရုပ်ကြွင်းလောင်စာ စီမံကိန်းများနှင့်ပတ်သက်၍ တိုင်းတာမှုပြုလုပ်ရာတွင် ရုရှားနှင့် ယူကရိန်းစစ်ပွဲကြောင့် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ အသုံးပြုမှုတိုးလာခြင်း မပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

ဟိုဆန်လီသည် အိုင်ပီစီစီ အကြီးအကဲသိပ္ပံပညာရှင်ဖြစ်သည်။ "ယခုအစီရင်ခံစာမှာ သိပ္ပံနည်းကျရှာဖွေတွေ့ရှိချက်တွေအပြင် မျှော်လင့်ချက်သတင်းစကားတွေလည်း ပါဝင်ပါတယ်။ အကောင်းဆုံးအဖြေကို ရှာဖွေဖို့ကတော့ အစိုးရတွေအပေါ်မှာပဲ မူတည်ပါတယ်။ ဖြစ်နိုင်ခြေကတော့ ရှိနေတုန်းပါပဲ"ဟု လီက ပြောကြားသည်။

ကိုးကား – Climate Report Warns World Is Close to Last Chance ကို ဘာသာပြန်သည်။

**"အိုင်ပီစီစီ၏ အစောပိုင်းထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ကမ္ဘာကြီးပူနွေးမှု အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ကျော်လွန်သွားပါက ထိခိုက်ပျက်စီးမှုများ မည်မျှဆိုးမည်ကို အသေးစိတ်ဖော်ပြထားသည်။ အစီရင်ခံစာအသစ်တွင် လက်ရှိ သို့မဟုတ် အဆိုပြုထားသော အခြေခံအဆောက်အအုံများကို စွမ်းအင်ပေးရန် ရုပ်ကြွင်းလောင်စာများကို ဆက်လက်အသုံးပြုခြင်းသည် ကမ္ဘာမြေကို အနည်းဆုံး ၂ ဒီဂရီစင်တီဂရိတ်ထိ ပူနွေးစေမည်ဟု သိပ္ပံပညာရှင်များက ပြောကြား"**

---

❂ ကျောဖုံးမှ

နေ့စဉ် ပုံမှန်ရောင်းနေတဲ့နှုန်းထားအတိုင်းသာ ရောင်းကြပါလို့ ပြောထားပြီးပါပြီ။ လာမယ့်ဧပြီလဆန်းမှာလည်း ယာဉ်စီးခ ပိုမိုမတောင်းခံဖို့ ထပ်ပြီးခေါ်ယူသတိပေးဦးမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ကော်မတီဝင် ဦးဘမြင့်က ပြောသည်။

ပြေးဆွဲမည့် အဝေးပြေးခရီးသည်တင်ယာဉ်များ လမ်းခရီး၌ မတော်တဆဖြစ်ပွားမှု မရှိစေရန်အတွက် ယာဉ်မောင်းများ အရက်သေစာသောက်စားမှုမရှိစေရေး၊ ဂရုတစိုက်မောင်းနှင်ရေးနှင့် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း မောင်းနှင်စေရေး အသေးစိတ်ပြောကြားထားကြောင်း သိရသည်။ မဟာသင်္ကြန်ပွဲတော်ကာလအဝေးပြေးယာဉ်လက်မှတ်များ ဝယ်ယူစီးနင်းကြမည့်ခရီးသည်များအနေဖြင့် အခက်အခဲတစ်စုံတစ်ရာဖြစ်ပေါ်ပါက YRTC အဝေးပြေးဌာနကို ဆက်သွယ်နိုင်ကြောင်း ကော်မတီဝင် ဦးဘမြင့်က ပြောကြားသည်။

မဟာသင်္ကြန်ကာလ အောင်မင်္ဂလာ (အဝေးပြေး) ယာဉ်ရပ်နားစခန်း၌ ယာဉ်လိုင်း ၂၂၄ လိုင်းရှိသည့်အနက် ဧပြီ ၁၀ ရက်တွင် ယာဉ်လိုင်း ၁၈၃ လိုင်း ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်လိုင်း ၄၁ လိုင်း ရပ်နားမည်ဖြစ်သည်။ ဧပြီ ၁၁ ရက်တွင်ယာဉ်လိုင်း ၁၇၂ လိုင်းပြေးဆွဲ၍ ယာဉ်လိုင်း ၅၂ လိုင်း ရပ်နားမည်ဖြစ်သည်။ ဧပြီ ၁၂ ရက်တွင် ယာဉ်လိုင်း ၁၅၂ လိုင်း ပြေးဆွဲ၍ ယာဉ်လိုင်း ၇၂ လိုင်း ရပ်နားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၃ ရက်တွင် ယာဉ်လိုင်း ၅၁ လိုင်း ပြေးဆွဲ၍ ယာဉ်လိုင်း ၁၇၃ လိုင်း ရပ်နားမည်ဖြစ်သည်။ ဧပြီ ၁၄ ရက်တွင် ယာဉ်လိုင်း ငါးလိုင်းပြေးဆွဲ၍ ယာဉ်လိုင်း ၂၁၉ လိုင်း ရပ်နားမည်ဖြစ်ကြောင်းနှင့် ပိတ်ရက်မရှိ ပြေးဆွဲမည့် ယာဉ်လိုင်း ငါးလိုင်းရှိကြောင်း သိရသည်။ ထို့ပြင် ဧပြီ ၁၇ ရက်တွင် ယာဉ်လိုင်း ၂၉ လိုင်း၊ ဧပြီ ၁၈ ရက်တွင် ယာဉ်လိုင်း ၁၁၉ လိုင်းနှင့် ဧပြီ ၁၉ ရက်တွင် မူရင်းအတိုင်း ယာဉ်လိုင်း ၁၈၃ လိုင်းအားလုံး ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဒဂုံရေ (အဝေးပြေး)ယာဉ်ရပ်နားစခန်း၌ ယာဉ်လိုင်း ၁၁၀ ရှိသည့်အနက် ဧပြီ ၁၃ ရက်တွင် ယာဉ်လိုင်း ၉၉ လိုင်း ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်လိုင်း ၁၁ လိုင်း ရပ်နားမည်ဖြစ်ကြောင်း၊ ပိတ်ရက်မရှိပြေးဆွဲမည့်ယာဉ် လိုင်းခြောက်လိုင်းရှိပြီး ယာဉ်လိုင်း ၁၀၄ လိုင်း ရပ်နားမည်ဖြစ်သည်။ ဧပြီ ၁၇ ရက်တွင် ယာဉ်လိုင်း ၉၈ လိုင်းနှင့် ဧပြီ ၁၈ ရက်တွင် ယာဉ်လိုင်း ၉၉ လိုင်း ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC) အဝေးပြေးဌာနမှ သိရသည်။

သတင်း – ပွင့်သစ္စာ

ဓာတ်ပုံ – စိုးမြင့်အောင်

❍ ပါရီအိုလံပစ်မှ

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ၊ ဧပြီ ၁၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်၊ မြန်မာနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ပထမပွဲကို ညနေ ၃ နာရီခွဲ၊ ဒုတိယပွဲကို ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း၏ သုံးပွဲစလုံးကို ဒုတိယပွဲအဖြစ် ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကတည်းက လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး အပြီးသတ်ပြင်ဆင်ရန် မတ် ၁၄ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ ကူမင်းမြို့၌ သွားရောက်လေ့ကျင့်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေကျခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မတ် ၂၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး မတ် ၂၅ ရက်မှစတင်ကာ ပြန်လည်လေ့ကျင့်လျက်ရှိသည်။

သတင်း – ကိုညီလေး

ဓာတ်ပုံ – MFF

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

မိုင်းရှူး မတ် ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုင်အော့ကျေးရွာအုပ်စု ဝမ်ကတ်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။



ဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက အဖွင့်အမှာစကား ပြောကြားပြီး မိုင်းရှူးမြို့နယ် ဦးစီးမှူး ဦးမင်းဦးက ဝမ်ကတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူး၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာတွင်း ကွန်ကရစ်လမ်းမှတ်တိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာ ပေးအပ်ခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ ဒု ၆ လက်မ ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၂ဒသမ ၆၄၅ သန်း အသုံးပြုကာဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ခုနှစ် ဇူလိုင်လ တတိယပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

JJJ



# ငွမြို့နယ်တွင် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ်းသာယာ- မဒေါ့ကြောကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ငွ မတ် ၂၆

ရခိုင်ပြည်နယ် ငွမြို့နယ်တွင် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သော အရှည် သုည ဒသမ ၇၁ ကီလိုမီတာရှိကမ်းသာယာကျေးရွာနှင့် မဒေါ့ကြောကျေးရွာ တို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ချိုက လုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကွန်ကရစ်လမ်းသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်အောင်၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ချို၊ ကမ်းသာယာစခန်းမှူးနှင့် ကျေးရွာကိုယ်စားလှယ်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၆၄ ဒသမ ၁၃၂ သန်းဖြင့် ဆောင်ရွက်သော ကမ်းသာယာ-မဒေါ့ကြော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖြစ်ပြီး မဒေါ့ကြော၊ ကမ်းသာယာ၊ ရေသိုး၊ ရွှေဦးကွင်း၊ ဂျိုလိမ် စသည့်ကျေးရွာများမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကူးသန်းသွားလာရေးများအတွက် အကျိုးပြုသည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် မီးသတ်ဦးစီးမှူးရုံးသစ် အဆောက်အအုံဖွင့်ပွဲ ကျင်းပ

ရေကြည် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေကြည်မြို့နယ် မီးသတ်ဦးစီးမှူးရုံးသစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် အဆိုပါ ရုံးသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း၊ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးတို့က တက်ရောက်ကြပြီး အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်



ပေးခဲ့သည်။

အဆိုပါမြို့နယ်မီးသတ်ဦးစီးမှူးရုံးသစ်ကို ဧရာဝတီတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၀၃ ဒသမ ၅၇၂ သန်းဖြင့် ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြို့မပျိုးဥယျာဉ်နှင့် ဇာတ်စုရပ်ကွက်ပျိုးဥယျာဉ်တို့၌ မိုးရာသီတွင်စိုက်ပျိုးနိုင်ရန် ပျိုးပင်များပျိုးထောင်ထား

သီပေါ မတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်များနှင့် နှစ်ရှည်ပင်များ ပိုမိုစိုက်ပျိုးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီကာလတွင် စိုက်ပျိုးနိုင်ရန်အတွက် မြို့မပျိုးဥယျာဉ်နှင့် ဇာတ်စုရပ်ကွက်ပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၃၅၅၀၀ ပျိုးထောင်ထားကြောင်း သိရသည်။

မြို့နယ်အတွင်း ပြည်သူများစိုက်ပျိုးနိုင်ရန်အတွက် ဖြန့်ဝေမည့် နှစ်ရှည်ပင်များပျိုးထောင်ရာတွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် အပင်များနှင့် ဒေသခံပြည်သူများစိုက်ပျိုးချင်သော အပင်များဖြစ်သည့် ကျွန်း ၊ မဲဇလီ၊ ရေသင်းဝင်၊ ယမနေ၊ ခရေ၊ ကုက္ကို၊ သစ်လှ၊ စိန်ပန်းနီ စသည့်အပင်ပေါင်း ၃၅၅၀၀ ကို ပျိုးထောင်ထားကြောင်း သိရသည်။

သီပေါမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးနိုင်ရေးအတွက် ပျိုးထောင်ထားသောအပင်များကိုဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ အစုအဖွဲ့ပိုင်သစ်တောများတွင် စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သီပေါမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင် အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင် လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



# လှည်းကူးမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကျင်းပ

လှည်းကူး မတ် ၂၆

အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းချီဆရာ ဦးအောင်ခန့်ဗိုလ် သင်တန်းကာလတွင် သင်ကြားမှုအပေါ် စိတ်ပါဝင်စားစွာ သင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူများအား ချီးကျူးဂုဏ်ပြုစကား ပြောကြားသည်။ သင်တန်း၌ ပုံတူပန်းချီရေးဆွဲရာတွင် ပထမဆုရရှိသူ မောင်ထက်မြတ်ပိုင်၊ ဒုတိယဆုရရှိသူ မောင်သက်ဝေအောင်၊ တတိယဆုရရှိသူ မောင်သတိုးဇော်၊ အထူးဆု (၁)ရရှိသူ မအိဇာမွန်နှင့် အထူးဆု(၂)ရရှိသူ မမရှုပါတို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် ပန်းချီဆရာကြီး ဦးအောင်ခန့်ဗိုလ်၊ ဦးသက်ဦးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ဉာဏ်ဟိန်း

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ

**ဒေါက်တာတင်မာမာဦး (စစ်ကိုင်း)**



၂၀၂၃ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်သည့် ဒေသခံတိုင်းရင်းသားများကို တွေ့ရစဉ်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၏ သာယာလှပသော တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများဖြင့် ရိုးသားဖြူစင်သော နာဂတိုင်းရင်းသားလူမျိုးစုများ အများဆုံးနေထိုင်ရာ ဒေသတစ်ခုဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၅၆) အပိုဒ်ခွဲ (က) အရ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ် သုံးမြို့နယ်နှင့် လဟယ်၊ ထန်ပါခွေ၊ လေရှီး၊ ဆွမ္မရာ၊ နန်းယွန်း၊ ပန်ဆောင်၊ ဒုံဟီးမြို့ ခုနစ်မြို့တို့ကို စုစည်း၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းထားကာ အရှေ့ဘက်တွင် ကချင်ပြည်နယ်နှင့် ခန္တီးခရိုင်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် ခန္တီးခရိုင်၊ တမူးခရိုင်၊ ဟုမ္မလင်းခရိုင်နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။ အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၅၁၆၈ ဒသမ ၂၀၆ မိုင် ကျယ်ဝန်းပြီး လူဦးရေ ၁၃၇၅၆၉ ဦး နေထိုင်သည့် ဒေသတစ်ခုဖြစ်သည်။

**နာဂရိုးရာနှစ်သစ်ကူးပွဲတော်**

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် နှစ်သစ်ကူးနေ့များ အသီးသီးရှိသကဲ့သို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအသီးသီး တွင်လည်း နှစ်သစ်ကူးနေ့များရှိကြသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခင်က မြို့နယ်တစ်ခုချင်းစီအလိုက် ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ၁၉၉၂ ခုနှစ်မှစတင်၍ နာဂဒေသရှိ မြို့နယ်များအတွင်း အလှည့်ကျကျင်းပခဲ့ရာ ၂၀၂၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ရိုးရာကွင်းနေရာ၌ ဇန်နဝါရီလ ၁၅ ရက်နေ့က ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင် တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစသည့် စီမံချက်များချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည့် ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ငါးဘီလီယံ မတည်ပေးခဲ့သည်။ နာဂဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်လည်း ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်၊ ၂၀၂၂ ဘဏ္ဍာနှစ်ဝက်အတွင်း ကျပ်သန်းပေါင်း ၂၆၈၈၀ ဒသမ ၃၆၈ ဖြင့် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေကျပ် ငါးဘီလီယံကို စိုက်ပျိုးရေးထွက်ကုန်များနှင့် မွေးမြူရေးထွက်ကုန်များ အပေါ် အခြေခံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ငန်းများသို့ အချိန်တို အတွင်းရောက်ရှိလာစေရန်နှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် လဟယ်မြို့နယ်သို့ ကျပ်သန်း ၂၃၀၀၊ လေရှီးမြို့နယ်သို့ ကျပ်သန်း ၆၆၀ နှင့် နန်းယွန်းမြို့နယ်တို့အတွက် ကျပ်သန်း ၁၂၄၁ ဒသမ ၉၂၅ တို့ကိုလည်းကောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် လဟယ်မြို့နယ်မှ MSME လုပ်ငန်းရှင် ၁၂ ဦးအား ကျပ်သန်း ၂၀၀ ထုတ်ချေးပေးထားပြီး လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်များမှ MSME လုပ်ငန်းရှင်များအား ချေးငွေထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**စုစုပေါင်း ၈၄၁ ဧက တိုးချဲ့စိုက်ပျိုးနိုင်**

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖြစ်ထွန်းသည့် ထောပတ်၊ မက်မန်း၊ မျောက်ငို၊ လိမ္မော်၊ ဝဥ၊ ချဉ်ပေါင်ဖာလာ၊ ကော်ဖီ၊ လက်ဖက်နှင့် သရက်စသည့် နှစ်ရှည်သီးနှံများ ၅၃၄ ဧကနှင့် ရာသီသီးနှံ ၃၀၇ ဧက စုစုပေါင်း ၈၄၁ ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖြစ်ထွန်းသည့် နှစ်ရှည်သီးနှံများ စိုက်ပျိုးပြီး ဒေသ၏ အဓိကထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဘဏ္ဍာရန်ပုံငွေဖြင့်လည်း နာဂဒေသနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Naga and Border Development Project – NBADP) ကို လေရှီး၊ လဟယ်၊ နန်းယွန်း၊ မိုပိုင်းလွတ်၊ ထန်ပါခွေ၊ ဒုံဟီးမြို့နယ်များတွင် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ သုံးနှစ် စီမံကိန်းဖြင့် တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀ ကို နှစ်စဉ်ကျခံသုံးစွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်ဖြန့်ဝေမှုအနေဖြင့် လက်ဖက်ပင် ၂၁၅၀၀၊ ကော်ဖီပင် ၅၅၀၀၊ မျောက်ငိုပင် ၇၃၀၀၊ မက်မန်းပင် ၆၀၀၊ သရက်ပင် ၁၁၀၀၊ ပီလောပီနံပင် ၂၀၀၀ နှင့် အာလာဂျီပင် ၂၀၀၀ တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံတောင်သူများသည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းစနစ်ကိုသာ မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးကြသဖြင့် သစ်တောများကို နှစ်စဉ်ခုတ်ထွင်စိုက်ပျိုးကြသောကြောင့် သစ်တောများပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ မိုးခေါင်ရေရှားခြင်းပြဿနာများ နှစ်စဉ်ကြုံတွေ့ခံစားကြရသည်။ အဆိုပါပြဿနာများကို ဖြေရှင်းပေးနိုင်ရေးနှင့် ဒေသခံများအတွက် ရေရှည်တည်တံ့ခိုင်မြဲစေမည့် တောင်စောင်းစိုက်ပျိုးနည်းစနစ် ဖော်ဆောင်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လှေကားထစ်လယ်ယာမြေ ၁၅ ဧကကို ဖော်ထုတ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် လဟယ်မြို့မျက်နှာစာ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းများတွင် တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် ၁၀ ဧကကို တိုးချဲ့ဖော်ဆောင်ခဲ့ပြီး အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်း လုပ်ငန်းများကို ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လဟယ်မြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေဧက ၃၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကုန်းမြင့်လယ်ယာဧက ၃၀၀ ထပ်မံဖော်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**တောင်စောင်းစိုက်ပျိုးနည်းစနစ် ဖော်ဆောင်**

အဆိုပါ တောင်စောင်းစိုက်ပျိုးနည်းစနစ် ဖော်ဆောင်ထားသော တောင်ယာများတွင် နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ မက္ကဒေးမီးယား၊ လိမ္မော်၊ ထောပတ်၊ မျောက်ငို၊ သရက်စသည့် နှစ်ရှည်သီးနှံများအပြင် ရာသီအလိုက် ဝင်ငွေရရှိစေမည့် တောင်ယာစပါး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးနိုင်ရေး နည်းပညာပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေသကဲ့သို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းကို အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်မြှင့်တင်ရေးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ အ.ထ.ကကျောင်းတွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း ပူးတွဲဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

> **နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေသကဲ့သို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းကို အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်မြှင့်တင်ရေးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ အ.ထ.ကကျောင်းတွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း ပူးတွဲဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးမှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိကအလုပ်အကိုင်အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကိုလည်း လေရှီး-လဟယ် - ခန္တီးလမ်းမှတစ်ဆင့် မြေပြန့်ဒေသများသို့ အလွယ်တကူတင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ပုံပြင်

# မပန်းဇင်

ငွေတာရီ

ရှေးသရောအခါ ရွာတစ်ရွာ၌ လင်မယားနှစ်ယောက်ရှိလေ၏။ သူတို့သည် နှစ်ပေါင်းများစွာပင် သားသမီးမရဘဲ ရှိနေကြလေသည်။ ထို့ကြောင့် သူတို့သည် နေ့စဉ်ပင် ကလေးရရန် ဆုတောင်းကြကုန်၏။ သို့ဖြင့် နောက်ဆုံးတွင် ဇနီးဖြစ်သူ၌ ပဋိသန္ဓေတည်လာလေတော့၏။ သူတို့နေအိမ်လေး နောက်ဘက်နံရံတွင် ပြတင်းပေါက်တစ်ခုရှိလေသည်။

ထိုပြတင်းပေါက်မှ ကြည့်လိုက်လျှင် မြင့်မားသော အုတ်နံရံပတ်လည်ကာထားသည့် ဥယျာဉ်တစ်ခုကို မြင်ရလေသည်။ ထိုဥယျာဉ်ထဲ၌ လှပသော ပန်းအမျိုးမျိုးနှင့် အသီးအနှံပင် အမျိုးမျိုးတို့ရှိကြလေသည်။ ၎င်းခြံ၏ ပိုင်ရှင်မှာကား စုန်းမကြီးတစ်ဦးပင်တည်း။

တစ်နေ့သောအခါ ဇနီးဖြစ်သူသည် ထိုပြတင်းပေါက်အနီးတွင် ရပ်လျက် တစ်ဖက်ဥယျာဉ်ထဲသို့ လှမ်းမျှော်ကြည့်ရှုနေလေသည်။ ထိုခဏ၌ သူသည် အလွန်လှပစွာ စိုက်ပျိုးထားသော မုန်လာခင်းတစ်ခင်းကို တွေ့မြင်လေ၏။ သူသည် ထိုစိုပြည်စိမ်းလန်းသော မုန်လာရွက်တို့ကိုမြင်လျှင် စားလိုသောစိတ်များ အပြင်းအထန် ပေါ်ပေါက်လာလေတော့၏။ ထိုချင်ခြင်းသည် တစ်နေ့ထက်တစ်နေ့ ပိုမိုပြင်းထန်လာလေရာ သူ့မှာ တစ်နေ့တခြား ကြုံလှီဖျော့တော့လာလေတော့၏။ ခင်ပွန်းဖြစ်သူသည် ဇနီးသည်၏ အဖြစ်ကို မြင်လေသော် အလွန်စိုးရိမ်ခြင်းဖြစ်မိလေ၏။ ထို့ကြောင့် သူသည် ဇနီးသည်အား ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းကို မေးမြန်းလေ၏။ ဇနီးဖြစ်သူလည်း အကြောင်းစုံ ပြန်ပြောပြလေသည်။ ထို့ပြင် သူသည် ထိုခြံမှ မုန်လာရွက်တို့ကို မစားရပါက မုချပင် သေရပါလိမ့်မည်ဟုလည်း ဆိုလေသည်။

ထိုအခါ ဇနီးအား အလွန်ချစ်မြတ်နိုးသော ခင်ပွန်းသည် ဇနီး၏အသက်ဆုံးရှုံးမည်ကို အလွန်ပင် ပူပန်မိလေ၏။ ထို့ကြောင့် ထိုမုန်လာရွက်တို့ကို ရနိုင်သည့်နည်းဖြင့် ယူပေးတော့အံ့ဟု ဆုံးဖြတ်လိုက်လေ၏။ ထိုနေ့ညနေ မှောင်စပျိုးလျှင် သူသည် မုန်လာရွက်များကို ခူးအံ့သောငှာ ဥယျာဉ်ကို ကာထားသော နံရံသို့ တက်လေ၏။ နောက်တစ်ဖက်ခြံတွင်းသို့ ခုန်ဆင်းကာ လက်တစ်ဆုပ်စာမျှသော မုန်လာရွက်တို့ကို အလွန်လျင်မြန်စွာခူး၍ ပြန်ခဲ့လေ၏။ ထိုအရွက်များကို ဇနီးဖြစ်သူသည် လက်သုပ်ပြုလုပ်၍ အလွန်မြိန်ရှက်စွာ စားလေသည်။ အရသာထူးကဲလှလေရကား နောက်တစ်နေ့တွင် သူ့မှာ ထိုအရွက်များကို စားလိုစိတ် ယခင်ကထက် သုံးဆမျှတိုး၍ ပေါ်ပေါက်လာလေတော့၏။

ထိုအခါ သူသည် ယခင်ကကဲ့သို့ပင် နှလုံးမသာ ညှိုးငယ်စွာ ရှိပြန်လေ၏။ ခင်ပွန်းသည်လည်း စုံစမ်း၍ အကြောင်းကို သိရလေသော် စုန်းမကြီးခြံတွင်းသို့ ဝင်ရောက်ရပြန်လေတော့၏။ သို့ရာတွင် ယခင်တစ်ကြိမ်ကကဲ့သို့ သူသည် အောင်မြင်ခြင်းမရှိပေ။ သူ့ကို စုန်းမကြီး မိသွားလေတော့သည်။

"သင်သည် ခိုးသူတစ်ယောက်ကဲ့သို့ ကျွန်ုပ်၏ ခြံအတွင်းရှိ မုန်လာရွက်များကို ဝင်ရောက်ခိုးဘိသည်၊ အဘယ်ကြောင့် ထိုသို့ပြုရသနည်း"ဟု စုန်းမကြီးက မေးလေသည်။ သူလည်း ကြောက်ရွံ့စွာဖြင့် သူသည် ထိုသို့မပြုက မဖြစ်သောကြောင့်သာ ပြုရခြင်းဖြစ်ကြောင်း၊ သူ၏ ဇနီးသည် ပြတင်းပေါက်မှ လှမ်းမြင်ရသော ထိုအရွက်များကို စားလိုသောဆန္ဒများ အလွန်အမင်း ပေါ်ပေါက်နေကြောင်း၊ မစားရက သေဆုံးမည်ဖြစ်ကြောင်း ပြောပြလေ၏။ ထို့ပြင် သူ့အား သနားသဖြင့် အပြစ်မှ လွှတ်ပါရန်လည်း တောင်းပန်လေ၏။ ထိုစကားတို့ကို ကြားလျှင် စုန်းမကြီးသည်လည်း အတန်ငယ် ကျေနပ်သွားလေသည်။ ထို့ကြောင့် သူ့အား ဤသို့ဆိုလေသည်။

"ကောင်းပြီ၊ ဤသို့ဆိုလျှင် သင် အလိုရှိသည့်အခါတိုင်း ကျွန်ုပ်ပေးအံ့၊ သို့ရာတွင် ကျွန်ုပ်အား ကတိတစ်ခု ထားရမည်။ သင်တို့သည် မကြာမီ ကလေးရတော့အံ့။ ထိုကလေးကို ကျွန်ုပ်အား ပေးမည်ဟု ကတိပြုပါ။ ကျွန်ုပ် ဤသို့ တောင်းရခြင်းမှာလည်း ကလေး၏ ကောင်းစားမှုအတွက်ပင် ဖြစ်သည်။ ထိုကလေးကို ကျွန်ုပ်မိခင်ရင်းနှင့်မခြား စောင့်ရှောက်မည်သာဖြစ်၏"

စုန်းမကြီးက ဤသို့ဆိုသော် သူ့မှာ ငြင်းဆန်ရန် ခက်လှနေလေသည်။ စုန်းမကြီးကိုလည်း ကြောက်ရွံ့လှပြီဖြစ်သဖြင့် သူသည်ကလေးကို ပေးပါမည်ဟု ကတိထားလိုက်ရလေတော့၏။

မကြာမီပင် သူ၏ဇနီးသည် သမီးကလေးတစ်ယောက် ဖွားမြင်လေ၏။ သို့ဖွားမြင်သည်နှင့်တစ်ပြိုင်နက် စုန်းမကြီးလည်း ရုတ်တရက် ရောက်လာလေတော့သည်။ စုန်းမကြီးသည် ကလေးငယ်ကို "မပန်းဇင်"ဟု အမည်ပေးပြီးနောက် ယူဆောင်သွားလေတော့သည်။

မပန်းဇင်လေးသည် ကမ္ဘာပေါ်၌ ရှိသမျှသော ကလေးအပေါင်းတို့တွင် အလှဆုံးဖြစ်လာလေသည်။ သူ (၁၂)နှစ်အရွယ်သို့ရောက်သော် စုန်းမကြီးသည် သူ့အား တောကြီးထဲသို့ ခေါ်ဆောင်၍ သွားလေ၏။ ထိုတောထဲတွင် မျှော်စင်တစ်ခုရှိလေသည်။ ထိုမျှော်စင်မှာ လှေကားမရှိ၊ တံခါးမရှိ၊ အလွန်သေးငယ်သော ပြတင်းပေါက်တစ်ခုသာ မျှော်စင်ထိပ်တွင် ရှိလေသည်။ စုန်းမကြီးသည် မပန်းဇင်လေးအား ထိုမျှော်စင်ပေါ်၌ ထားလေ၏။ သူသည် ထိုမျှော်စင်ပေါ်သို့ တက်ရောက်လိုသောအခါများ၌ "ပန်းဇင် ပန်းဇင်၊ နင့်ဆံပင်ချလိုက်စမ်း"ဟု အောက်မှ အော်ပြောလေ့ရှိသည်။

မပန်းဇင်ကလေးမှာ ဆံပင်ကောင်းလှသည်။ အလွန်များပြား၍ ရှည်လျားသော သူ၏ဆံပင်များမှာ ပြတင်းပေါက်မှ ချလိုက်လျှင် မြေပြင်သို့ ထိလေတော့သည်။ ထို့ကြောင့် စုန်းမကြီး၏ ခေါ်သံကို ကြားတိုင်း သူသည် သူ၏ဆံပင်များကို ထုံးထားရာမှ ဖြေ၍ အောက်သို့ ချပေးလေ့ရှိသည်။ သို့ချရာ၌ စုန်းမကြီး ခို၍ တက်လာက အားလွန်၍ သူပါ ကျမသွားစေရန် ပြတင်းပေါက်ပေါင်ရှိ ချိတ်တစ်ခုတွင် ဆံပင်ကို တစ်ပတ်မျှရစ်၍ ထားရလေသည်။ ဤနည်းဖြင့် စုန်းမကြီးသည် မျှော်စင်ပေါ်သို့ တက်ရောက်လေ့ရှိ၏။

သုံးနှစ်ကြာခဲ့ပြီးနောက် တစ်နေ့သောအခါ မင်းသားတစ်ပါးသည် တောကစားရင်း ထိုမျှော်စင်အနီးသို့ ရောက်ရှိလာလေ၏။ သူသည် အလွန်သာယာသော တေးဆိုသံကို မျှော်စင်ဆီမှ ကြားရလေသည်။ သူသည် ချိုသာသော တေးသံကြောင့် ရပ်တန့် နားစွင့်မိလေတော့သည်။ တေးဆိုသူကား မပန်းဇင်လေးပင်တည်း။ တောကြီးထဲတွင် တစ်ကိုယ်တည်းသာ နေရရှာသော မပန်းဇင်မှာ ပျင်းပျင်းရှိတိုင်း သီချင်းကိုသာ အဖော်ပြု၍ နေရလေတော့သည်။

တေးသံ၏ ညို့ဓာတ်တွင် မိနေသော မင်းသားသည် မျှော်စင်ပေါ် သို့တက်ရန် ဝင်ပေါက်လှေကားကို ရှာဖွေလေ၏။ သို့ရာတွင် မတွေ့ရချေ။ ထို့ကြောင့် စိတ်ပျက်ဝမ်းနည်းစွာနှင့်ပင် နန်းတော်သို့ ပြန်သွားရလေတော့၏။ မည်သို့ပင်ဖြစ်စေ မင်းသားသည် တေးသံရှင်ကို မြင်ရမှ ကျေနပ်မည်ဖြစ်ရကား နောက်တစ်နေ့၌ လာရောက်ပြန်လေ၏။ သို့ရာတွင် ထိုနေ့၌လည်း သူ့မှာ အချည်းနှီးသာ ပြန်ရလေသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များစာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**





## ရယ်စရာ ပြုံးစရာ နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**






လူတစ်ယောက်ဟာ ဆရာဝန်ရဲ့ရုံးခန်းထဲ ဝင်လာခဲ့ပြီး ပြောပုံက-

“ဆရာခင်ဗျား… ကျွန်တော့်လက်မောင်းတွေ နာနေတယ်။ ဝမ်းဗိုက်က နာတယ်၊ ခြေချောင်း နာတယ်။ ပြီးတော့ ကျွန်တော့် လည်ချောင်းရော ပခုံးတွေပါ ကိုက်ခဲနေပါသေးတယ်ခင်ဗျ”

ဆရာဝန်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်တယ်။

“ကျွန်တော် အမြန်ဆုံး စမ်းသပ်နေတုန်း အသာလေး ငြိမ်နေလိုက် ပါ”ပြောပြီး သူက သေးငယ်တဲ့ တူတစ်ချောင်းကို ကောက်ယူလိုက်လို့ လူနာရဲ့ဒူးခေါင်းကို၊ သူ့ရဲ့ တန်ပြန်မှုတွေကို စမ်းသပ်လိုက်တယ်။ “ခု ခင်ဗျား ဘယ်လို ခံစားရသလဲ” ဆရာဝန်က မေးတယ်။ လူနာက အော်ဟစ် ညည်းညူပြီး ဖြေတယ်။ “ခုတော့ ကျွန်တော့်ဒူးခေါင်းလည်း နာပြန်ပြီပေါ့ဗျာ”တဲ့။

လူမှု ၁၀

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### ဗင်းဆင့်ဗန်ဂိုး


**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

ဗင်းဆင့်ဗန်ဂိုးကို နယ်သာလန်နိုင်ငံ ဘရီဒါအနီး ဂရုတ်ဇန်းဒတ်မြို့တွင် ၁၈၅၃ ခုနှစ်၌ မွေးဖွားခဲ့သည်။ ဤဒတ်ချ်လူမျိုး ပန်းချီဆရာသည် သူ့ကိုယ်ပိုင်ဘဝကို လျစ်လျူရှုခဲ့ပြီး နားလည်မှုလွဲမှားခဲ့သည်။ သူသည် အသက် (၃၇) နှစ်အရွယ် ၁၈၉၀ ပြည့်နှစ်၌ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့သည်။

ဘုရားရှိခိုးကျောင်း အကြီးအကဲ တစ်ဦး၏ သားဖြစ်သူ ဗင်းဆင့်ဗန်ဂိုးသည် စိတ်ဓာတ်ကျပြီး ချီးမြှင့်ခြင်းမခံရသော ကျောင်းသားဘဝကို တွေ့ရှိသည့် ခက်ခဲသော ကလေးနှင့်နှိုင်းစာလျှင် စိတ်အနေခက်သည့် အထီးကျန်ဆန်သူတစ်ဦး ဖြစ်ခဲ့သည်။ သူသည် ဘာသာရေးအပေါ် လေးလေးနက်နက်ရှိလာပြီး သာသနာပြုသူအဖြစ် ဘဝအတွက် လေ့ကျင့်ခြင်း ခံခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ သူ၏စိတ်မှိုင်တွေညှိုးငယ်သော ကိုယ်ရည်ကိုယ်သွေးသည် ဘုရားရှိခိုးကျောင်းတွင် အောင်မြင်မှုရရှိခြင်းမှ သူ့အား တားဆီးပေးခဲ့သည်။

ဗန်ဂိုးသည် ပန်းချီရေးဆွဲရန် သူ့ဘာသာသူ သင်ကြားခဲ့သည်။ သူ၏ ကျွမ်းကျင်မှုကို တိုးတက်မြင့်မားရန် စိတ်ကျေနပ်စွာ ရုန်းကန်လှုပ်ရှားခဲ့သည်။ နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံများတွင် သူနေထိုင်ခဲ့စဉ်က ထုတ်လုပ်ခဲ့သော သူ၏ စောစောပိုင်း ပန်းချီများသည် ဆင်းဆင်းရဲရဲ လုပ်ကိုင်နေသော အလွန်တရာ ဝမ်းနည်းပူဆွေးနေသည့် ဘဝများကို ပြသသည့်အနေဖြင့် အရောင်မှောင်မည်းပြီး မှိုင်းမှုန်နေသည်။ ထို့နောက် သူသည် ပါရီမြို့သို့သွားပြီး ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် အခြား ပန်းချီဆရာများနှင့်အတူ အလုပ်လုပ်ခဲ့သည်။ ထိုသူတို့၏ လွှမ်းမိုးမှုအောက်တွင် သူသည် ကြည်လင်တောက်ပသော အရောင်များနှင့် ပိတ်ကားပေါ်တွင် စွမ်းအားရှိသမျှ ဆေးသုတ်တံများဖြင့် ရေးဆွဲခဲ့သည့် အတွေ့အကြုံရခဲ့သည်။ အထူးသဖြင့် ယင်းရေးဆွဲနည်းကို ဗန်ဂိုး ပိုင်ဆိုင်သည်။ သူ၏ စိတ်လှုပ်ရှားပြီး ရဲဝံ့သော စုတ်ချက်များသည် နက်နဲသော စိတ်လှုပ်ရှားခံစားမှုနှင့် စိတ်မာန်ကြွနေခြင်း အမျိုးအစားကို ယင်းအကြောင်းအရာကိုယ်တိုင်က အေးချမ်းမှုရှိခဲ့လျှင် တောင်မှပြသသည်။ သူ့ ပန်းချီကားများသည် သူ့အိပ်ခန်း၊ ကုလားထိုင်တစ်လုံး၊ နေကြာပန်းတစ်ခိုင် စသောဘဝတွင် သာမန်ကိစ္စရပ်များဖြစ်ကြသည်။ သူသည် ကြီးကျယ်ခမ်းနားသော အကြောင်းအရာများ တစ်ခုတလေကို ရှားရှားပါးပါး ရေးဆွဲခဲ့သည်။

သူသည် ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ အားလက်(စ်)တွင် သူ့ဘဝရှင်သန်မှု၏ နှစ်နှစ်တာကာလကို အချိန်သုံးဖြုန်းခဲ့သည်။ သူ၏ အဆိုပါ နေ့ရက်များတွင် နာကျင်မှုများစွာနှင့် အလုပ်များခဲ့ပြီး ထုတ်လုပ်နိုင်မှုစွမ်းအားရှိခဲ့သည်။ သို့ရာတွင် သူသည် အလွန်စိတ်ဒုက္ခရောက်ခဲ့သည်။ သူသည် ပြင်းထန်သော စိတ်ဓာတ်ကျမှုများနှင့် ရူးသွပ်မှုကာလများကို ခံစားခဲ့ရသည်။ ထူးခြားသော အကျပ်အတည်းကာလအတွင်း သူ့နားတစ်ဖက်ကို ဖြတ်ခဲ့ရသည်။ ဆယ်နှစ်ခန့် ပန်းချီဆွဲပြီးနောက် သူ့ဘာသာသူ သတ်သေခဲ့သည်။ သူသေပြီးသည့်တိုင်အောင် သူ၏ အထုံဝါသနာနှင့် ပါရမီရှင်ဖြစ်မှုကို အသိအမှတ်မပြုခဲ့ကြချေ။ သူ့ဘဝတစ်သက်တာတွင် ပန်းချီကားတစ်ကားသာ ရောင်းချခဲ့ပြီး ဆင်းဆင်းရဲရဲနှင့် သေဆုံးခဲ့ရသည်။ ။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၄-၃-၂၀၂၃ ရက်မှအဆက်

ယခုတော့မူ ကိုအေးဆွေသည် ခေါင်းနီတောင်တန်းဘက်ဆီမှ တဝေ့ဝေ့ တိုက်ခတ်လာသော အေးမြလတ်ဆတ်သည့် လေပြည်လေညင်းကလေးကို တဝကြီး ရှူပစ်လိုက်သည်။

အေးမြသန့်ရှင်းသော လေညင်းကလေးနှင့်အတူ ကုက္ကိုပွင့်နံ့၊ တမာဖူးနံ့၊ ထန်းနို့ပွင့်နံ့၊ သင်းပျံ့ပျံ့ မြေနီနံ့လေးများက ကိုအေးဆွေ၏ရင်ကို လန်းဆန်းချမ်းမြေ့သွားစေသည်။

ကျောက်ပန်းတောင်းမြို့ ဈေးသို့ ရောင်းချရန်အတွက် တသုတ်သုတ် တအိအိ လာနေကြသော ထန်းလျက်ထမ်း ထန်းလျက်လှည်းတို့ကိုလည်းကောင်း၊ ဝယ်ခြမ်းရန် သက်သက်အတွက် ဈေးလိုက်လာနေသောသူတို့အားလည်းကောင်း ကိုအေးဆွေသည် မကြာခဏ ရှောင်ပေးနေရ၏။

မကြာမီ ကိုအေးဆွေသည် မိမိ ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ မြူအိုးကောက်ရင်း ကြီးပြင်းလာခဲ့ရသော မိမိတို့ထန်းတောလေးကို တော်တော်ခပ်ဝေးဝေးကပင် လှမ်းမြင်နေရသည်။ မိမိတို့ထန်းတော၏ သည်မှာဘက်တွင်မူ ထွေးရီတို့အဖေဦးစံကျော်တက်သော ထန်းတောဖြစ်လေသည်။

“အရီးလေးရေ၊ ကိုရင် ပြန်လာပြီတော်ရေ့”

ကိုအေးဆွေသည် ထွေးရီ၏ အသံစာစာလေးကို ခပ်လှမ်းလှမ်းကပင် ကြားလိုက်ရ၏။ သူသည် ကိုအေးဆွေအား ဘယ်ကဘယ်လို မြင်လိုက်သည် မသိ။ တဲသို့ထမ်းယူသွားဆဲ မြူအိုးထမ်းကို ကမန်းကတန်းချကာ ကိုအေးဆွေထံသို့ တအားပြေးလာနေသည်။

သူသည် အနီးသို့ရောက်လျှင် ဘာမပြောညာမပြောနှင့် ကိုအေးဆွေ၏ ရင်ခွင်ထဲသို့ ပြေးဝင်ကာ ကိုအေးဆွေခါးအား တအားဖက်ထားလိုက်သည်။ သူ၏မျက်နှာလေးကလည်း ကိုအေးဆွေအား မော့ကြည့်နေသည်။ သူ၏မျက်နှာလေးမှာ ပြုံး၍နေငြားသော်လည်း မျက်လုံးလေးများထဲမှာမူ မျက်ရည်စများ ဝဲ၍နေသည်။

သို့ရာတွင် မျက်လုံးကလေးများမှာ အရောင်တလက်လက် တောက်ပလျက်ရှိ၏။ တကယ်တော့လည်း ထွေးရီခမျာမှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်ရှာလာခြင်းသာ ဖြစ်သတည်း။

သူသည် ပါးစပ်မှဖွင့်ပြောရန် ဖြစ်သော်လည်း ဝမ်းသာလုံး ဆို့နေဟန်ဖြင့် တော်တော်နှင့် မပြောနိုင်ပေ။ မျက်ရည်စများဝိုင်း၍ ရွှန်းလဲ့တောက်ပနေသော မျက်လုံးကလေးနှစ်လုံးကသာ ကိုအေးဆွေအား အငမ်းမရ ကြည့်နေသလို နှုတ်ခမ်းကလေးများကလည်း တရွရွ ဖြစ်နေရှာ၏။ အတန်ငယ်ကြာမှသာ တစ်ဆို့သော အသံလေးဖြင့် ထစ်ထစ်ငေါ့ငေါ့ ထွက်လာတော့၏။

“ကို ကို ကိုရင်၊ ပြန် ပြန် လာပြီနော်”

ကိုအေးဆွေကမူ ထွေးရီအားကြည့်ကာ တအံ့တသြ ဖြစ်နေရှာသည်။ မိမိ ရန်ကုန်သွားသည့်နှစ်ကဆိုလျှင် ထွေးရီမှာ အရပ်ရှည်လေးနှင့် ဝါးခြမ်းပြားထောင်ထားသလို ဖြစ်သည်။ ယခုတော့မူ အရပ်အမောင်းပါမက ကိုယ်လုံးလေးပါ ထွက်လာပြီး အပျိုကြီးဖားဖားပင် ဖြစ်နေသည်ကို တွေ့ရသောအခါ မအံ့သြဘဲ မနေနိုင်ပါတော့ချေ။

အကယ်၍သာ ကိုအေးဆွေသည် အခြားတစ်နေရာ၌ သည်မျှသော နှစ်ကာလပိုင်းလေးအတွင်း ထွားကျိုင်းဖွံ့ဖြိုးလာသော ထွေးရီအား နောက်ကသာ မြင်ရပါမူ မည်သည့်နည်းနှင့်မျှ မှတ်မိမည် မဟုတ်ပေ။

အတန်ငယ်ကြာမှ ကိုအေးဆွေသည် လှုပ်ရှားရန် သတိရလာသည်။ ပြီးမှ ထွေးရီ၏ ပခုံးလေးနှစ်ဖက်အား လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ရင်း–

“အေးဟ၊ ငါ ပြန်လာပြီ” ဟု ပြောလိုက်ရတော့၏။

တကယ်တော့ ကိုအေးဆွေမှာ ဝမ်းသာအယ်လဲဖြင့် ကြိုဆိုနေရှာသော ထွေးရီအား ကြည့်ရင်း မိမိပါ ဝမ်းသာလာရသည်။ မိမိအပေါ် သည်မျှအထိ ချစ်ခင်တွယ်တာပါ့ကလားဟု သိလာရပြန်သောအခါတွင် ရင်ထဲမှာ တလှိုက်လှိုက်တုန်၍ ပီတိဖြာလာသည်။

“ကိုရင်၊ ရန်ကုန်ကို မပြန်တော့ဘူးနော်”

အစ်တစ်တစ်ဖြစ်နေသော အသံလေးဖြင့် ထွေးရီက မေးလိုက်သည်။ သူ့မျက်လုံးများမှ မျက်ရည်များသည် ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျနေသည်။ သို့ရာတွင် မျက်နှာကမူ ပြုံးမဲ့မဲ့လေး ဖြစ်နေလျက်ရှိသည်။

“အေးပါဟာ၊ ငါ ဘယ်တော့မှ မပြန်တော့ပါဘူး”

ကိုအေးဆွေက ထွေးရီ၏နဖူးရှိ ဆံစလေးများကို လက်တစ်ဖက်ဖြင့် သပ်ချပေးရင်း ပြော၏။ သည်တော့မှလည်း ထွေးရီ၏မျက်နှာကလေးမှာ မဲ့ပြုံးပြုံးလေးဖြစ်နေရာမှ တဖြည်းဖြည်းနှင့် အားပါးတရ ပြုံးပြုံးကြီး ဖြစ်လာ၏။

“ကျွန်မလေ၊ ကိုရင့်ဆီကစာ အရီးလေးတို့ဆီကို ပြန်လာတော့မယ်လို့ရေးလိုက်ကတည်းက နေ့တိုင်းမျှော်နေတာ”

ထွေးရီ၏ အသံကလေးသည် တဖြည်းဖြည်းနှင့် ကြည်ကြည်လင်လင်လေး ဖြစ်လာသည်။

“ကဲပါ ထွေးရီရယ်၊ နင့်မျက်ရည်တွေကို သုတ်ပစ်လိုက်စမ်းပါဦး၊ တကတဲ မရှက်ဘူးလား”

ကိုအေးဆွေက ပြောပြောဆိုဆို လက်တစ်ဖက်ဖြင့် ထွေးရီ၏မျက်လုံးလေးများမှ စီးကျနေသော မျက်ရည်စများကို သုတ်ပေးလိုက်၏။

ဤတွင်မှ ထွေးရီသည် ရှက်ကြောက်လာဘိအလား ကိုအေးဆွေအား ဖက်ထားရာမှ ရုတ်တရက်ဖြုန်းခနဲ ရုန်းထွက်လိုက်သည်။ သူ၏ မျက်နှာကလေးမှာ ကလေးငယ်တစ်ယောက်၏ မျက်နှာကဲ့သို့ ရှက်ပြုံးလေးပြုံးနေကာ သူ့ဟာသူပင် မျက်ရည်များ သုတ်ပစ်နေတော့၏။

“ကဲ၊ တဲသွားရအောင် ထွေးရီ”

ကိုအေးဆွေက ထွေးရီ၏ပခုံးလေးကို ဆွဲခေါ်ရင်း ပြောလိုက်၏။ ထွေးရီသည် ကိုအေးဆွေ ဆွဲခေါ်ရာသို့ တဖြည်းဖြည်း လိုက်ပါလာရင်း ဣန္ဒြေရရလေး ပြုံးလာသည်။

“ဟင်၊ ပေး ပေး ကိုရင်”

ထွေးရီသည် ကိုအေးဆွေ၏ပခုံးမှ ဘေးလွယ်ပလတ်စတစ်အိတ်ကို ယခုမှ သတိပြုမိကာ ပြောပြောဆိုဆိုပင် လှမ်းဆွဲယူလိုက်၏။ ထို့နောက် သူသည် ကိုအေးဆွေရှေ့မှ လျင်မြန်စွာ ပြေးထွက်သွားတော့သည်။

“အရီးလေးရေ၊ ကိုရင် ရန်ကုန်ကပြန်လာပြီ တော်ရေ့။ အရီးလေး၊ ကိုရင် ပြန်လာပြီ”

တဲနားသို့ နီးကပ်သွားသည်ဆိုလျှင်ပင် ထွေးရီသည် ကလေးငယ်တစ်ယောက်ပမာ တကြော်ကြော်အော်ဟစ်ခေါ်ဆိုရင်း တဲတွင်းသို့ ဝင်ပြေးသွားလေသည်။ ထိုအခါ ကိုအေးဆွေမှာ “အင်း၊ ဒီကောင်မလေးလည်း ခုထက်ထိ ကလေးစိတ် မပျောက်သေးပါကလား” ဟု အောက်မေ့မိသည်။

တဲတွင်းမှ ဒေါ်ဘုမသည် ချက်ချင်းလိုပင် အပြင်သို့ ပြေးထွက်လာသည်။

“သား၊ ကိုအေး”

“အမေ”

မျက်ရည်များ ပြည့်လျှမ်းနေသော မျက်နှာနှင့် ဒေါ်ဘုမက အားရဝမ်းသာ ခေါ်လိုက်သလို ကိုအေးဆွေကလည်း ပြန်လည်၍ ခေါ်လိုက်၏။

တကယ်တော့လည်း ဒေါ်ဘုမမှာ သားသမီး ၄၊ ၅၊ ၆ ယောက်ပင် ရှိခဲ့ငြားသော်လည်း အဖတ်မတင်ရှာခဲ့ပေ။ နောက်ဆုံးမွေးသည့် ကိုအေးဆွေ တစ်ယောက်သာ အဖတ်တင်ခဲ့ရှာ၏။ သည်လိုသားတစ်ယောက်တည်းမို့လည်း ပို၍ချစ်ရသည်။ ယခုကဲ့သို့ နှစ်ရှည်လများ မခွဲစဖူး ခွဲခွာနေရပြီး ယခုလို တွေ့လိုက်ရပြန်သောအခါတွင်မူ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမှုက လှိုက်၍ထလာသည်။

ကိုအေးဆွေမှာလည်း ယခုလို ကာလအတန်ကြာ ကွဲကွာနေရာမှ အမေ၏ မေတ္တာဓာတ်အပြည့်နှင့် မျက်နှာကို မြင်လိုက်ရသောအခါ ရင်သည် အလိုလို အေးမြ၍ လာသည်။

“အဖေကော အမေ”

ကိုအေးဆွေသည် အမေ၏ မျက်နှာကို မြင်ရပြီးသောအခါ အဖေ၏မျက်နှာကို မြင်ချင်လာသည်။

“မင်းတို့အဖေလား၊ ထန်းတက်တုန်းပေါ့ကွယ်”

ဒေါ်ဘုမက ကိုအေးဆွေအား မိခင်တို့၏ မေတ္တာဓာတ်များ လွှမ်းမိုးနေသော အကြည့်ဖြင့် ကြင်နာစွာကြည့်လိုက်ရင်း ပြောလိုက်၏။ ထို့နောက် ဒေါ်ဘုမသည် ထွေးရီဘက်သို့ လှည့်လိုက်ကာ–

“ဟဲ့ ဟဲ့ ထွေးရီ၊ ညည်းတို့ ဘကြီးခကို သွားပြောလိုက်ပါလား။ ကိုအေး ရောက်လာပြီလို့”

“မခေါ်ခိုင်းပါနဲ့ အမေ၊ ကျွန်တော် သွားနှုတ်ဆက်လိုက်ပါ့မယ်။ ထွေးရီ၊ နေ နေ။ သွားမခေါ်ပါနဲ့။ ငါ သွားပါ့မယ်”

ကိုအေးဆွေသည် ဒေါ်ဘုမအား ပြောလိုက်ရင်းက ဦးဖိုးခအား သွားခေါ်ရန် ခြေလှမ်းပြင်နေသော ထွေးရီဘက်သို့ပါ တစ်ဆက်တည်း ပြောလိုက်၏။

“ကဲ ကဲ အမေ၊ ထမင်းချက်စရာရှိ ချက်ပါ။ ကျွန်တော် အဖေ့နှုတ်ဆက်ရင်း မယိုးကောက်ခဲ့ပါ့မယ်”

ကိုအေးဆွေသည် ပြောပြောဆိုဆိုပင် အဝတ်အစားများလဲရန် လက်ဆွဲအိတ်ကို ယူလိုက်ကာ ဖွင့်နေသည်။

“မဟုတ်တာ သားရယ်၊ ခုပဲ ရောက်ခါပဲရှိသေးတာပဲ။ အမောအပန်းဖြေပါဦးတော့။ ပြီးတော့ အမေ သွားကောက်မှာပေါ့”

“အို၊ အမေကလည်း၊ ကျွန်တော် ဧည့်သည်မှ မဟုတ်ဘဲနဲ့။ အိမ်ရောက်လာရင် မယိုးကောက်ဖို့တာဝန်က ကျွန်တော့်အလုပ်ပဲဟာ”

“ဟုတ်သားပဲ။ ကိုရင်ကလည်း ခုမှ ရောက်ခါစရှိသေးတာပဲ။ အေးအေးဆေးဆေး အမောဖြေဦးပေါ့” ဟု ထွေးရီကပါ ဝင်တား၏။

“ကဲပါ အမေရာ၊ တခြားလုပ်စရာရှိရင် အမေလုပ်ပါ။ ကျွန်တော် သွားနှုတ်ဆက်မှာတူတူ ဘာထူးလို့လဲ”

ကိုအေးဆွေကမူ ဝတ်ထားသော ရှပ်အင်္ကျီကို ချွတ်လိုက်ပြီးဖြစ်၍ ခါးမှ လုံချည်ကိုလည်း လုံချည်ဟောင်းတစ်ထည်နှင့် လဲလှယ်ဝတ်ဆင်ပြီးနောက် ပြောပြောဆိုဆို ထွက်ခွာသွားတော့သည်။

ဤသည်ကိုကြည့်၍ ဒေါ်ဘုမမှာ အလိုက်သိတတ်လှသော သားအတွက် ပီတိဖြာ၍ နေတော့သည်။

[ ၁၇ ]

“ဟောဒီ ပုဂ္ဂိုလ်ကြီးဟာ ကျောက်ပန်းတောင်းမြို့က အလွတ်ပညာသင်ကျောင်းအုပ်ဆရာကြီး ဦးလှဒင်ပါ”

ကိုအေးဆွေက မိတ်ဆက်ပေးလိုက်သဖြင့် ရောက်ရှိလာသည့် လူအားလုံးသည် ဦးလှဒင်အား ဂရုတစိုက် ဝိုင်းကြည့်ကြကာ ပြုံး၍ပြသူက ပြနေသည်။ ဦးလှဒင်ကလည်း ပြန်လည်၍ ပြုံးပြနေသည်။

ကိုအေးဆွေသည် ရန်ကုန်မှရောက်၍ များမကြာမီပင် မိမိတို့တဲရှေ့ရှိ ကွပ်ပျစ်ပေါ်၌ ဆရာကြီးဦးလှဒင်နှင့် မိမိတို့တဲစုရှိလူများ ဆွေးနွေးရန် တွေ့ဆုံပေးနေခြင်း ဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**“တကယ်တော့လည်း ဒေါ်ဘုမမှာ သားသမီး ၄၊ ၅၊ ၆ ယောက်ပင် ရှိခဲ့ငြားသော်လည်း အဖတ်မတင်ရှာခဲ့ပေ။ နောက်ဆုံးမွေးသည့် ကိုအေးဆွေတစ်ယောက်သာ အဖတ်တင်ခဲ့ရှာ၏။ သည်လိုသားတစ်ယောက်တည်းမို့လည်း ပို၍ချစ်ရသည်။ ယခုကဲ့သို့ နှစ်ရှည်လများ မခွဲစဖူး ခွဲခွာနေရပြီး ယခုလို တွေ့လိုက်ရပြန်သောအခါတွင်မူ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမှုက လှိုက်၍ထလာသည်။ ကိုအေးဆွေမှာလည်း ယခုလို ကာလအတန်ကြာ ကွဲကွာနေရာမှ အမေ၏ မေတ္တာဓာတ်အပြည့်နှင့် မျက်နှာကို မြင်လိုက်ရသောအခါ . . .”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

# ပြည်ထောင်စုလမ်းမကြီး ပုသိမ် (ကံကလေး) - မုံရွာကားလမ်း(၃) မကွေးတိုင်းဒေသကြီးအပိုင်း

**– – – – ခရမ်းစိုးမြင့် – – – –**

ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ပုသိမ်-မုံရွာကားလမ်းသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် (ကံကလေး)မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာအထိ မိုင်ပေါင်း ၄၅၀ မိုင် ၅ ဖာလုံရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း မိုင်ပေါင်း ၂၄၄ မိုင် ၇ ဖာလုံ ဖြတ်သန်းဖောက်လုပ်ထားသည်။

ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေးစီမံကိန်းကို ၁၉၆၉ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ်တွင် ပုသိမ် – ကံကလေး – ရေကြည် – ငါးသိုင်းချောင်း– ရေနံ့သာ – ဘက်ရဲအပိုင်း မိုင်ပေါင်း ၁၃၀ မိုင် ၆ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ ၁၉၇၁ – ၁၉၇၂ ခုနှစ်တွင် ဘက်ရဲ-ဥသျှစ်ပင်အပိုင်း ၂၈ မိုင် ၅ ဖာလုံကို Smow Mountain Engineering Corporation (SMEC) ကိုလံဘိုစီမံကိန်းကလည်းကောင်း၊ ၁၉၇၆ – ၁၉၇၇ ခုနှစ် ဥသျှစ်ပင်– မင်းတုန်းအပိုင်း ၅၂ မိုင် ၇ ဖာလုံကို (SMEC) ကိုလံဘိုစီမံကိန်းကလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပြကြီးအထိ ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၈၂ – ၁၉၈၃ ခုနှစ်တွင် မင်းတုန်း– ပဒါန်းအပိုင်း ၅၁ မိုင် ၅ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ ၂၀၀၀–၂၀၀၁ ခုနှစ်တွင် ပဒါန်း – ကဇွန်းမအပိုင်း ၈၂ မိုင် ၁ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဩစတေးလျကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍လည်းကောင်း၊ ၂၀၀၄– ၂၀၀၅ ခုနှစ်တွင် ကဇွန်းမ – မုံရွာအပိုင်း ၁၀၄မိုင်၅ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း အသီးသီးတာဝန်ယူဆောင်ရွက်ခဲ့သည်။

**ပုသိမ်မှ မုံရွာအထိ မိုင်ပေါင်း ၄၅၀ မိုင် ၅ ဖာလုံ**

၂၀၁၀ ပြည့်နှစ် ဇွန်လမှစတင်၍ ပုသိမ်– မုံရွာလမ်းမကြီး အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်း (၁) မိုင်တိုင် ၀/၀ မှ ၁၇၉/၆ အထိ၊ အပိုင်း (၂) မိုင်တိုင် ၁၇၉/၆ မှ ၃၆၃/၀ အထိနှင့် အပိုင်း (၃) မိုင်တိုင် ၃၆၃/၀မှ ၄၅၀/၅ အထိဟူ၍ အပိုင်းသုံးပိုင်းခွဲပြီး ၁၁–၁–၂၀၁၁ ရက်နေ့မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးအဖွဲ့ ၂၃ ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ၁၈ ဖွဲ့၊ လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့ ၁၂ ဖွဲ့တို့က အဆင့်မြှင့်တင်ဆောင်ရွက်ရာ ပုသိမ်မှ မုံရွာအထိ မိုင်ပေါင်း ၄၅၀ မိုင် ၅ ဖာလုံကို ကတ္တရာလမ်းအဆင့်အထိ ဆောင်ရွက်ပြီးစီးခဲ့သည်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် တွင် ပုသိမ် – မုံရွာလမ်းမှ ပုသိမ် (ကံကလေး)– မုံရွာလမ်း (ကျီးပင်ကန် – ဝက်ခုတ်တံတားအပိုင်း) အဖြစ် မိုင် ၀/၀ – ၄၁၆/၆ မိုင်သို့ ပြောင်းလဲခဲ့သည်။

ပုသိမ်(ကံကလေး) – မုံရွာလမ်း(ကျီးပင်ကန်– ဝက်ခုတ်တံတားအပိုင်း) ကို မကွေးတိုင်းဒေသကြီး အတွင်း သရက်ခရိုင်အပိုင်းတွင် မိုင် ၁၄၅/၇–၁၈၅/၇ အထိ မိုင် ၄၀၊ လမ်းအထူးအဖွဲ့ ၁၁ အပိုင်းတွင် မိုင် ၁၈၅/၇–၂၄၀/၇ အထိ ၅၅ မိုင်၊ မင်းဘူးခရိုင်အပိုင်းတွင် မိုင် ၂၄၀/၇ – ၃၀၄/၃ အထိ ၆၃/၄ မိုင်၊ ပခုက္ကူခရိုင်အပိုင်းတွင် မိုင် ၃၀၄/၃ – ၃၆၈/၇ အထိ ၆၄/၄ မိုင်တို့ကို ဌာနကလည်းကောင်း၊ မိုင် ၃၆၈/၇– ၃၉၀/၆ အထိ ၂၁/၇ မိုင် အပိုင်းကို မြတ်နိုးသူကုမ္ပဏီက B.O.T စနစ်ဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ကျောက်စီရေမြောင်းနှင့်တွဲလျက် မြေထိန်းနံရံတည်ဆောက်ခြင်း**

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပုသိမ်(ကံကလေး)– မုံရွာလမ်း (ကျီးပင်ကန် – ဝက်ခုတ်တံတားအပိုင်း) ပေါ်တွင် ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၄ မိုင် ၁ ဖာလုံ၊ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၂ မိုင် သုညဖာလုံ ၅၄၀ ပေ၊ ၁၆ ပေအကျယ်မှ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း သုညမိုင် ၃ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ မိုင် ၅ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိခြင်း သုညမိုင် ၅ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှို၍ ကတ္တရာထပ်ပိုးလွှာလောင်းခြင်း ၆ မိုင် ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှို၍ Chip Seal လောင်းခြင်း ၁၀ မိုင် ၃ ဖာလုံ ၃ ပေ၊ Chip Seal လောင်းခြင်း သုညမိုင် ၆ ဖာလုံ၊ ရေကျော်ပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်း ၅ ၁၈ ပေ၊ Box Culvert တည်ဆောက်ခြင်း ရှစ်စင်း၊ မြေသားတာပေါင်ချဲ့ခြင်း ၅ မိုင် သုညဖာလုံ၊ မြေကာနံရံတည်ဆောက်ခြင်း ၁၀၃၆ ပေ၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်း ၅၃၅၆ ပေ၊ ကျောက်စီရေမြောင်းနှင့်တွဲလျက် မြေထိန်းနံရံတည်ဆောက်ခြင်း ပေ၂၁၀၊ ကီလိုမီတာတိုင်စိုက်ထူခြင်း ၁၀၄ တိုင် စသည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ပုသိမ် – မုံရွာကားလမ်းတွင် ၃၁–၃–၂၀၂၃ ရက်နေ့၌ ၂၄ ပေအကျယ် ကတ္တရာလမ်း ၁၂ မိုင် သုညဖာလုံ + ပေ၂၅၀၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၁၃၂ မိုင် ၅ ဖာလုံ + ၆၄ ပေ၊ ၁၆ ပေအကျယ် ကတ္တရာလမ်း ၃၃ မိုင် ၇ ဖာလုံ + ၃၁၆ ပေ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၆၆ မိုင် ၂ ဖာလုံ + ၃၀ ပေအဆင့်သို့ရောက်ရှိမည်ဖြစ်ပြီး လမ်းပိုင်းများအားလုံးကို ၂၄ ပေအကျယ် ကတ္တရာလမ်းအဆင့်သို့ရောက်ရှိရန် နှစ်စဉ် စီမံချက်များရေးဆွဲ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။



ပုသိမ်–မုံရွာလမ်း မကွေးတိုင်းဒေသကြီးအပိုင်း၌ လမ်းချဲ့နေစဉ်။

> **“ပုသိမ်(ကံကလေး) - မုံရွာလမ်း(ကျီးပင်ကန်- ဝက်ခုတ်တံတားအပိုင်း) ကို မကွေးတိုင်းဒေသကြီးအတွင်း သရက်ခရိုင်အပိုင်းတွင် မိုင် ၁၄၅/၇- ၁၈၅/၇ အထိ မိုင် ၄၀၊ လမ်းအထူးအဖွဲ့ ၁၁ အပိုင်းတွင် မိုင် ၁၈၅/၇- ၂၄၀/၇ အထိ ၅၅ မိုင်၊ မင်းဘူးခရိုင်အပိုင်းတွင် မိုင် ၂၄၀/၇ - ၃၀၄/၃ အထိ ၆၃/၄ မိုင်၊ ပခုက္ကူခရိုင်အပိုင်းတွင် မိုင် ၃၀၄/၃ - ၃၆၈/၇ အထိ ၆၄/၄ မိုင်တို့ကို ဌာနကလည်းကောင်း၊ မိုင် ၃၆၈/၇- ၃၉၀/၆ အထိ ၂၁/၇ မိုင်အပိုင်းကို မြတ်နိုးသူကုမ္ပဏီက B.O.T စနစ်ဖြင့် လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိ”**




ပုသိမ်–မုံရွာလမ်း မကွေးတိုင်းဒေသကြီးအပိုင်း၌ ကတ္တရာခင်းနေစဉ်။



ပုသိမ်–မုံရွာလမ်း မကွေးတိုင်းဒေသကြီးအပိုင်း၌ ကျောက်ခင်းနေစဉ်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် မိုက်ခရိုမာရသွန်နှင့် ငါးကီလိုမီတာ အပြေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မိုက်ခရိုမာရသွန်နှင့် အသက် ၁၂ နှစ်အောက် ငါးကီလိုမီတာ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏမုခ်ဦးရှေ့၌ မတ် ၂၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ နံနက် ၆ နာရီတွင် မိုက်ခရိုမာရသွန်ပြိုင်ပွဲအား ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က သေနတ်ပစ်ဖောက်၍လည်းကောင်း၊ နံနက် ၆ နာရီ ၅ မိနစ်တွင် အသက် ၁၂ နှစ်အောက် ငါးကီလိုမီတာ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက သေနတ်ပစ်ဖောက်၍လည်းကောင်း တာလွှတ်ပေးကြသည်။



မိုက်ခရိုမာရသွန်ပြိုင်ပွဲဝင် အပြေးသမားများသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ရှေ့မှ တာထွက်ကြပြီး ဝေဇယန္တာလမ်းအတိုင်း သစ္စာလမ်း၊ ပါရမီလမ်းတို့ကိုဖြတ်၍ မြောက်ဥက္ကလာပ ခုံးကျော်တံတားဘေးမှ သုဓမ္မာလမ်းအတိုင်း မြောက်ဥက္ကလာပ အဝိုင်းမှတ်တိုင် ဥတ္တရသီရိပန်းခြံတွင် ပြန်ကွေ့၍ လာလမ်းအတိုင်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သို့ ပန်းဝင်ကြသည်။ ထို့အတူ ငါးကီလိုမီတာ အပြေးသမားများသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ရှေ့မှ တာထွက်ကြပြီး ဝေဇယန္တာလမ်းအတိုင်း သစ္စာလမ်းကိုဖြတ်၍ ပါရမီလမ်းမှ လာလမ်းအတိုင်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သို့ ပန်းဝင်ကြသည်။

မိုက်ခရိုမာရသွန်ပြိုင်ပွဲ၌ အပြေးသမား ၁၃၅၀ နှင့် အသက် ၁၂ နှစ်အောက် ငါးကီလိုမီတာ အပြေးပြိုင်ပွဲ၌ အပြေးသမား ၂၈၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကစားသမားများ ပန်းဝင်အပြီးတွင် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မိုက်ခရိုမာရသွန်နှင့် အသက် ၁၂ နှစ်အောက် ငါးကီလိုမီတာ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲတို့တွင် ဆုကြေးငွေအဖြစ် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ စတုတ္ထဆု ငွေကျပ် နှစ်သိန်း၊ ပဉ္စမဆုမှ ဒသမဆုအထိ ငွေကျပ် တစ်သိန်းစီနှင့် အမှတ်စဉ် (၁၁) မှ (၃၀) အထိအား ငွေကျပ် သုံးသောင်းစီ ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်း - ပွင့်သစ္စာ
ဓာတ်ပုံ - စိုးမြင့်အောင်

# မမြဆည်ရေအားလျှပ်စစ်ဖြင့် မြန်အောင်မြို့နယ် တောင်ရိုးဒေသ ကန်ပွဲကျေးရွာ၌ လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

မြန်အောင် မတ် ၂၆

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မမြဆည် ရေအားလျှပ်စစ်ဖြင့် မြန်အောင်မြို့နယ် တောင်ရိုးဒေသ ငါးဘတ်ကျကျေးရွာအုပ်စု ကန်ပွဲကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



အဆိုပါ လျှပ်စစ်မီးဖွင့်ပွဲကို ဧရာဝတီ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးသန်းဇော်လွင်၊ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြန်အောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ လျှပ်စစ်မီးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာအတွင်း လျှပ်စစ်မီးသုံးစွဲမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

မမြဆည် ရေအားလျှပ်စစ်ဖြင့် မြန်အောင်မြို့နယ် တောင်ရိုးဒေသ ငါးဘတ်ကျကျေးရွာအုပ်စု ကန်ပွဲကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဌာနခွင့်ပြုငွေ ၄၃ ဒသမ ၇၀၇၉ ကျပ်သန်း၊ ပြည်သူထည့်ဝင်ငွေ ၁၁ ဒသမ ၁၅၃ ကျပ်သန်းဖြင့် 11KV Line (0/4)Mile ၊ 0.4 KV Line(0/4) Mile၊ 100 KVA Transformer ဆောင်ရွက်ခဲ့ပြီး ကန်ပွဲကျေးရွာရှိ အိမ်ထောင်စု/အိမ်ခြေ ၇၃ လုံး၊ လူဦးရေ ၃၀၈ ဦးနှင့် ဘာသာရေးအဆောက်အအုံနှစ်ခု၊ အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းတို့ လျှပ်စစ်မီး သုံးစွဲနိုင်မည်ဖြစ်ပြီး ဒေသခံ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒေသစုံမှထွက်ရှိလာသည့် သရက်ကင်းသီးများ ဈေးကွက်အတွင်း၌ ရောင်းအားကောင်းနေ

မန္တလေး မတ် ၂၆

ယခုချိန်ကာလသည် စိမ်းစားသရက်ကင်းများ ရာသီစာသီးနှံအဖြစ် ဒေသစုံမှထွက်ရှိလာပြီး ဈေးကွက်အတွင်း၌ စားသုံးသူများပြားကာ ရောင်းအားကောင်းနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

**ရောင်းအားကောင်း**

အဆိုပါ သရက်ကင်းသီးများသည် မတ်လဆန်းပိုင်းမှ စတင်ထွက်ရှိလာပြီး ဈေးကွက်အတွင်းသို့ ဝင်ရောက်ကာ ရောင်းချပေးနေကြောင်း၊ ရာသီစာအဖြစ် ပြည်သူများ စားသုံးနိုင်ရန်အတွက် သရက်ကင်းသီးအနေဖြင့် သီးသန့်ထွက်ပေါ်လာသည့် အသီးများဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် သရက်အကင်းများအား ရာသီစာအဖြစ် စားသုံးကြသည့် အချိန်ဖြစ်သည့်အတွက် ရောင်းအားကောင်းလျက်ရှိကြောင်း၊ ရောင်းချပေးရာတွင် လက်ကားဈေးအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ဈေးတို့ဖြင့် အရောင်းသွက်နေကြောင်း သိရသည်။

"သရက်သီးအကင်းဈေးကွက်က ရှိပြီးသားပါ။ အခုချိန်ကာလမှာ မြန်မာလူမျိုးတွေက ရာသီစာအဖြစ် သရက်အကင်းသီးလေးတွေကို စားကြတဲ့ အချိန်ဖြစ်တဲ့အတွက် ဈေးကောင်းရနေပါတယ်။ သရက်အကင်းကို တချို့ကြတော့ ပိဿာနဲ့ ရောင်းတာရှိတယ်။ ကျပ်သားနဲ့ရောင်းတာရှိတယ်။ ပိဿာနဲ့က လက်ကားဈေး ငွေကျပ် ၄၀၀၀၊ ၅၀၀၀ နဲ့ ရောင်းကြတယ်။ ကျပ်သားနဲ့ဆိုရင် ၁၀ ကျပ်သားကို ငွေကျပ် ၄၀၀၊ ၅၀၀ စသဖြင့် အမျိုးမျိုးရောင်းချကြပါတယ်။ သရက်အကင်းဈေးကွက်က သုံးလုံးတတောင်သီးတို့၊ ဒေသထွက် အကြမ်းသီးတွေကို အကင်းသီးမှာသုံးတာများပါတယ်။ စားကြတာများပြီးတော့ အရောင်းသွက်နေတယ်။ ဈေးကွက်လည်း ကောင်းနေပါတယ်။ နှစ်စဉ် သရက်အကင်းသီးအတွက် သီးသန့်လုပ်ထားတဲ့ အသီးတွေရှိပါတယ်။ အများအခေါ်ကတော့ သရက်အကင်းသီးတွေကို ဆိုင်သီးအမျိုးအစားလို့ ခေါ်ကြပါတယ်"ဟု ၎င်းကပြောသည်။



အဆိုပါ သရက်အကင်းသီးများသည် ဈေးကွက်အတွင်းသို့ နေရာဒေသစုံဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ စိုက်ပျိုးထွက်ရှိကာ ဝင်ရောက်လာပြီး မြန်မာလူမျိုးများ ကြိုက်နှစ်သက်စွာ ဝယ်ယူ စားသုံးကြသည့်အတွက် ဈေးကွက်အတွင်း၌ ဈေးကောင်းရကာ အရောင်းသွက်လျက်ရှိနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း(၁/၂၀၂၃)ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရမည်းသင်း မတ် ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

ဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီစက်ပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၃)အား ရမည်းသင်းခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား ၂၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် စိတ်ပါဝင်စားသည့် ပြည်သူ ငါးဦး စုစုပေါင်း သင်တန်းသား ၅၀ ဖြင့် မတ် ၂၂ ရက်မှ ဧပြီ ၃ ရက်အထိ ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဖောင်းပြင်၌ နွေစပါးစိုက်ပျိုးမှု ယခင်နှစ်ထက်လျော့နည်း

ဖောင်းပြင် မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေမလုံလောက်မှုနှင့် နယ်မြေမတည်ငြိမ်မှုကြောင့် စပါးစိုက်ကေမှာ ယခင်နှစ်များထက် လျော့နည်းခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခင်နှစ်က နွေစပါးစိုက်ကေ ၆၄၂၂ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် စပါးစိုက်ကေ ၆၈၇၉ ကေ စိုက်ပျိုးနိုင်ရန် လျာထားသော်လည်း ၆၁၃၉ ကေသာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခင်နှစ်ထက် စိုက်ကေ ၂၈၃ကေ လျော့နည်းခဲ့ကြောင်း၊ ထိုသို့လျော့နည်းခဲ့ခြင်းမှာ ပိုးစာကုန်းကျေးရွာအုပ်စုတွင် မြစ်ရေဝင်ရောက်မှုမရှိခဲ့သဖြင့် စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်း၊ သငါကျေးရွာအုပ်စုတွင် နယ်မြေမတည်ငြိမ်မှုကြောင့် စိုက်ကေလျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထွန်း(ဖောင်းပြင်)**

# နာဂျယ်စမန်းကို ထုတ်ပယ်ပြီး သောမက်တူချယ်ကို ခန့်အပ်လိုက်တဲ့ ဘိုင်ယန်မြူးနစ်



ဘိုင်ယန်မြူးနစ်အသင်းဟာ နည်းပြ နာဂျယ်စမန်းကို အသင်းနည်းပြအဖြစ် နှစ်နှစ်နီးပါးကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် လက်ရှိအချိန်မှာ အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီး သောမက်တူချယ်ကို အစားထိုးခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘောလုံးရာသီရဲ့ နောက်ဆုံး ၁၀ ရာသီဆက်တိုက် ဂျာမန်ဘွန်ဒက်လီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ယခုဘောလုံးရာသီရဲ့ လက်ရှိအချိန်မှာလည်း အမှတ်ပေးဇယားထိပ်က ဒေါ့မွန်အသင်းနဲ့ တစ်မှတ်အကွာ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းကို (၁၆)သင်းအဆင့် ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်မှာ ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ယခု ဘိုင်ယန်မြူးနစ်အသင်းက ခန့်အပ်လိုက်တဲ့ အသက် ၄၉ နှစ်အရွယ်ရှိသောမက်တူချယ်ဟာ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက ချယ်လ်ဆီးအသင်းရဲ့ ထုတ်ပယ်ခြင်းခံခဲ့ရသူလည်း ဖြစ်ပါတယ်။

နည်းပြတူချယ်ကို ဘိုင်ယန်မြူးနစ်အသင်းက ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်အထိ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး နည်းပြတူချယ်ဟာ မတ် ၂၇ ရက်မှာ ဘိုင်ယန်မြူးနစ်အသင်းကို စတင်ကိုင်တွယ်မှာလည်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ နည်းပြနာဂျယ်စမန်းကို ၂၀၂၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပြီး အသင်းနဲ့အတူ ကာလရှည်ကြာ လက်တွဲနိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ နည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်တယ်လို့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အမှုဆောင်ချုပ် အိုလီဗာခန်းက ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ဘွန်ဒက်လီဂါဖလားကို ရယူပေးနိုင်ခဲ့ပေမယ့်အသင်းရဲ့ အရည်အချင်းပိုင်အားနည်းချက်တွေရှိခဲ့သလို ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန် ကစားခဲ့တဲ့ ပွဲစဉ်တွေမှာ အောင်မြင်မှုနဲ့ ပရိသတ်တွေကို ဆွဲဆောင်နိုင်မှုကျဆင်းခဲ့တာကြောင့် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်တယ်လို့ အိုလီဗာခန်းက ပြောကြားခဲ့ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ နည်းပြ နာဂျယ်စမန်းဟာ လိုက်ပ်ဇစ်အသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး နာဂျယ်စမန်းဟာ ဘိုင်ယန်မြူးနစ်အသင်းကို စတင်တာဝန်ယူချိန်မှာ အမှတ်ပေးဇယားထိပ်မှာ ရှစ်မှတ်ဖြတ် ဦးဆောင်နိုင်ခဲ့တာကြောင့် ဘွန်ဒက်လီဂါဖလားကို ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့ပြင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂျာမန်စူပါဖလားကို နှစ်ကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ပြီးခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်မှာ လေဗာကူဆင်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့သလို နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ် ၁၀ ပွဲမှာလည်း ငါးပွဲသာ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြတူချယ်ကတော့ ၂၀၂၁ ခုနှစ် မေလအတွင်းက ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့ပြီး အဲဒီချန်ပီယံလိဂ်ဖလားဟာ စတမ်းဖို့ဒ်ဘရစ်ချ်မှာ လပေါင်း ၂၀ တာဝန်ယူကိုင်တွယ်ခဲ့စဉ်ရရှိခဲ့တဲ့ ဆုဖလားသုံးလုံးအနက် အကြီးမားဆုံးသော ဆုဖလားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ ■

## ဘောလုံးလောက သတင်းတိုများ

- *မန်ယူအသင်းဟာ ဘရိုက်တန်အသင်းမှ အိုင်ယာလန်တိုက်စစ်မှူး အီဗန်ဖာဂူဆန်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။*
- *လိဒ်ယူနိုက်တက်အသင်းဟာ ပြီးခဲ့တဲ့နှစ်က မန်စီးတီးအသင်းဆီ ပြောင်းရွှေ့သွားတဲ့ အင်္ဂလန်ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို ယခုနွေရာသီဈေးကွက်အတွင်းမှာ ပြန်လည်ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။*
- *စပါးအသင်းက လက်ရှိနည်းပြ ကွန်တီရဲ့နေရာမှာ ရောဘတ်တိုဒီဇာဘီကို အစားထိုးခေါ်ယူဖို့ ပြင်ဆင်နေတာကြောင့် ဘရိုက်တန်အသင်းက နည်းပြရောဘတ်တိုဒီဇာဘီကို အသင်းကနေ ထွက်ခွာခွင့်ပြုမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။*
- *အာဆင်နယ် အသင်းဟာ ဆောက်သမ်တန်အသင်းမှ ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမား ရိုမီယိုလာဗီယာကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။*
- *စပါးအသင်းဟာ စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား အူဂါတီကို စာချုပ်ချုပ်ဆို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။*



## စီရီနယ်လ်ဒိုရှိတဲ့ အယ်လ်နာဆာအသင်းဆီ ပြောင်းရွှေ့မယ့် သတင်းတွေအပေါ် ငြင်းဆိုလိုက်ပြီဖြစ်တဲ့ လူကာမိုဒရစ်

ရီယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ လက်ရှိ ပေါ်တူဂီတိုက်စစ်မှူး စီရီနယ်လ်ဒိုကစားနေတဲ့ ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းဆီကို ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး ငြင်းဆိုလိုက်ပြီဖြစ်ပါတယ်။

လူကာမိုဒရစ်ဟာ ရီးယဲလ်မက်ဒရစ်အသင်း ကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး စီရီနယ်လ်ဒို ပါဝင်ကစားလျက်ရှိတဲ့ အယ်လ်နာဆာအသင်းဆီ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေပေမယ့် အသက် ၃၇ နှစ်အရွယ်ရှိ လူကာမိုဒရစ်အနေနဲ့ သူ့ရဲ့ ကစားသမားဘဝကို စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှာပဲ အဆုံးသတ်သွားမယ်လို့ ဆိုပါတယ်။

လူကာမိုဒရစ်ဟာ ၂၀၁၂ ခုနှစ်အတွင်းက စပါးအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၇၃ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၇ ဂိုးသွင်းယူပေးခဲ့ပြီး ဂိုးဖန်တီးမှု ၇၆ ကြိမ် ရှိခဲ့တာဖြစ်ပါတယ်။

## မန်စီးတီးအသင်းက တိုက်စစ်မှူး ဟာလန်းကို တစ်ပတ်လုပ်ခ ပေါင် ငါးသိန်းနဲ့ စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမည်

မန်စီးတီးအသင်းဟာ အသင်းရဲ့တိုက်စစ်ပိုင်းမှာ အဓိကအားထားရတဲ့ တိုက်စစ်မှူး ဟာလန်းကို တစ်ပတ်လုပ်ခလစာပေါင် ငါးသိန်းနဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရေး ဆွေးနွေးသွားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ လက်ရှိအချိန်မှာ မန်စီးတီးအသင်းနဲ့အတူ တစ်ပတ်လုပ်ခလစာပေါင် ၃၇၅၀၀၀ ရရှိနေတာဖြစ်ပါတယ်။ အဲဒီလုပ်ခလစာဟာ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းနဲ့ မန်ယူအသင်းဂိုးသမား ဒီဂီယာတို့ရဲ့ လက်ရှိလုပ်ခလစာနဲ့ ညီမျှနေတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ တိုက်စစ်မှူး ဟာလန်းကို စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့မယ်ဆိုပါက အီတီဟက်ဒ်မှာ ၂၀၂၈ ခုနှစ်အထိ ဆက်ရှိနေဖို့ ရှိနေတာလည်း ဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

# ဆိတ်ပလိပ်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

သိုး၊ ဆိတ်များတွင်ဖြစ်ပွားတတ်သည့် ဆိတ်ပလိပ်ရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့ မွေးမြူထားသော သိုး၊ ဆိတ်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) သိုး၊ ဆိတ်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊

(၂) သိုး၊ ဆိတ် အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ သိုး၊ ဆိတ်များကို ဝယ်ယူမွေးမြူရန်၊

(၃) ဝယ်ယူသည့် သိုး၊ ဆိတ်အသစ်များကို မိမိခြံရှိ သိုး၊ ဆိတ်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၄) နာမကျန်းသိုး၊ ဆိတ်များကို လွှတ်ကျောင်းခြင်း၊ အခြားသိုး၊ ဆိတ်များနှင့် ရောနှောခြင်းမပြုရန်၊

(၅) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၆) သိုး၊ ဆိတ်များရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3)ရယူရန်၊

(၇) မိမိ သိုး၊ ဆိတ်များတွင် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများဖြစ်သည့် ကိုယ်အပူချိန်တက်ခြင်း၊ နှာတ်ခမ်းနှင့် သွားဖုံးများတွင် အနာများဖြစ်ခြင်း၊ ဝမ်းသွားခြင်း၊ ချောင်းဆိုးခြင်းစသည်တို့တွေ့ရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၈) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိအောင် မှတ်ပုံတင်အမှတ်[၉/ကပတ(နိုင်)၂၈၂၀၀၆]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ (09-755621215)

### ပျောက်ဆုံးကြောင်း

မအေးအေးသိမ့်[၁၂/မဂတ(နိုင်)၀၉၄၈၆၁]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်–MA654195 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:09-976123176

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မင်းသိဒ္ဓိကျော်စွာလမ်း၊ စက်မှုဇုန်(၃)၊ အမှတ်(၈၁)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းလုပ်ဆောင်လျက်ရှိသော VIVO GROUP COMPANY LIMITED သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်–

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော “Lai Lai”ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ VIVO GROUP COMPANY LIMITED သည် “အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ ဆေးဝါးမဟုတ်သော အလှကုန်၊ လူသုံးကုန်နှင့် သန့်စင်ခန်းသုံးပစ္စည်းများ၊ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ၊ သားရေ၊ သားရေအတုများနှင့် ထိုပစ္စည်းများနှင့်ပြုလုပ်ထားသော ကုန်ပစ္စည်းများ၊ လူသုံးကုန် အဝတ်အထည်များ”တို့ကိုထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဇင်မောင်မောင်
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၀၁၁)
အမှတ်(၂၈)၊ မင်းရဲကျော်စွာ (၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း–၀၉–၄၂၀၂၉၂၃၀၄

### အမှားပြင်ဆင်ချက်

(၂၆-၃-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၄)၊ ကြော်ငြာကဏ္ဍ၌ ကြော်ငြာပါရှိသော သယ်ံန်းကျွန်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး /မြောက်၊ မြေကွက်အမှတ် (၃၃၁/ခ) ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦးအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် အကျယ်အဝန်း (၂၀ ပေ×၅၀ ပေ) ဟူသော စာသားအစား (၂၀ပေ × ၆၀ပေ) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ကျော်လွင် (စဉ် - ၅၀၀၄၄) ဒေါ်ခိုင်ဇာသွယ် (စဉ် - ၅၀၀၅၄)
အထက်တန်းရှေ့နေများ (၀၉- ၄၃၀၆၄၆၄၇)

### ရန်ကုန်မြို့၊သယ်ံန်းကျွန်းမြို့နယ်၊ဇ/မြောက်ရပ်ကွက်၊ ရှာလယ်လမ်း၊အမှတ်(၂၃၉)၊27 West Avenue Condo ဟု ခေါ်တွင်သောအခန်းအမှတ်(၄၀၁)၊ အကျယ်အဝန်း (၁၀၆၄) စတုရန်းပေရှိကွန်ဒိုတိုက်ခန်း တစ်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား IGREEN Development & Engineering Group Co.,Ltdထံမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော **၁။ဦးမျိုးကျော်သူစိုး (၁၂/တမန(နိုင်)၁၀၂၅၅၄)၂။ ဒေါ်လှိုင်းနန္ဒာထွန်း(၁၂/ရကန(နိုင်) ၀၆၇၆၇၀)**တို့က အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

### နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ဘန္ဓာပင်လမ်း၊ အမှတ် (၁၈)နေ ဒေါ်ဇင်မာနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာနွယ် [၁၄/ကပန (နိုင်) ၁၄၃၁၀၅] နှင့် ဦးမြင့်နိုင်[၁၄/ပစလ(နိုင်)၁၂၃၂၉၂]တို့သည် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် (၉–၅–၂၀၁၉)ရက်နေ့၌ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာနွယ်နှင့် ဦးမြင့်နိုင်တို့သည် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါ။ ဦးမြင့်နိုင်နှင့်ပတ်သက်၍ ငွေကြေးအရှုပ်အရှင်းများကိုလည်း လုံးဝတာဝန်ယူမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာနွယ် အလုပ်လုပ်ကိုင်ရာလုပ်ငန်းခွင်နေရာသို့ လာရောက်နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်း၊ ပြောဆိုခြင်းများကိုလည်း မည်သူကမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

**ညွှန်ကြားချက်အရ –**
**ဦးသူရိန်မြင့် LL.B (စဉ်–၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်–၁၂၈၁၈/ ၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း –၀၉–၅၀၅၉၈၂၂၊ ၀၉–၇၉၅၇၉၀၇၆၇**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်(၉၇၃)၊ မြေအကျယ်အဝန်း(အလျားXအနံ)(၄၀X၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုးမြင့် အမည်ဖြင့်မှတ်သားတည်ရှိပြီး ယခုရောင်းချသူ ဦးဇော်မိုးအောင်(၁၂/ဒဂရ(နိုင်)၀၀၀၇၉၉) သည် အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် မိမိကိုယ်တိုင်တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကရောင်းချသည့် တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်ဇင်မိမိစိုး**
**အထက်တန်းရှေ့နေ**
**(LL.B, D.M.L)(စဉ်–၄၁၄၀၀)**
**Ph : 09-796766946, 09-405100500**
**Facebook Page: Myanmarland realestate&lawfirm**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၇၄၆/ခ)နေ ဒေါ်အိအိမွန် [၁၂/မရက(နိုင်)၁၃၂၉၄၁] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိမွန်၏ ပိုင်ဆိုင်မှု၊ ငွေရေးကြေးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာ(သို့မဟုတ်) စာချုပ်စာတမ်းဆိုင်ရာ မည်သို့သောကိစ္စရပ်များကိုမဆို ကျွန်ုပ်၏မိတ်ဆွေမှ (ကိုယ်စား)လက်မှတ်ရေးထိုးခြင်း၊ ငွေကြေးချေးငှားခြင်း၊ ပြောဆိုဆက်ဆံခြင်းများကို မည်သူ့ကိုမျှ (ကိုယ်စား)လွှဲအပ်ဆောင်ရွက်စေခြင်း အလျဉ်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေကိုယ်တိုင် ပါဝင်ပတ်သက်ခြင်းမရှိသော ငွေရေးကြေးရေး(သို့မဟုတ်) စာချုပ်စာတမ်းဆိုင်ရာ အရှုပ်အရှင်းကိစ္စအရပ်ရပ်များအတွက် ကျွန်ုပ်မိတ်ဆွေမှ (လုံးဝ)တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူ (ခွင့်ပြုချက်) မပါရှိသော အလားတူကိစ္စရပ်များအား မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ ၎င်းအပြင် ကျွန်ုပ်မိတ်ဆွေ၊ ၎င်း၏မိသားစုတို့နှင့် တိုက်ရိုက်မသက်ဆိုင်သည့် ငွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စအရပ်ရပ်တို့နှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများ ဖုန်း၊ ဖုန်းSMS၊ Facebook, Viber, Messenger များမှ ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ကိုယ်ကျိုးနစ်နာမှု တစ်စုံတစ်ရာဖြစ်ပေါ်စေသည့် အပြောအဆိုများ၊ စာသားများ ရေးသားဖော်ပြခြင်းတို့ကို ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **၁။ဒေါ်အိဝင်းဇော်** | **၂။ ဦးထွန်းထွန်းလင်း** | **၃။ ဒေါ်ပြည့်ပြည့်လှိုင်ထွန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၅၁၇၄)** | **(စဉ်–၁၆၉၅၀)** | **(စဉ်–၁၈၀၃၈)** |
| **LL.B, D.B.L, D.I.L, D.M.L** | **LL.B** | **LL.B, D.B.L, D.I.P.L, D.M.L** |

**“ရာမည”Legal Services**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–09–260087755, 09–421123477**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

### အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာခြင်း။

ကျွန်ုပ်၏မိတ်ဆွေ ဦးရှိုးရိုးချိန် (ဘ) ဦးရှိုးယိန်းဝမ်း (၉/မရတ (နိုင်) ၁၀၆၁၀၆) သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၇၄၀၅/၂၀၂၂ အား (၉-၅-၂၀၂၂) ရက်နေ့တွင် ဦးအောင်သိန်းဦး (ဘ) ဦးကျိန်းယို (ခ)ကျော်ထွန်း (၉/ခမစ (နိုင်) ၀၁၈၃၇၇)အား လွှဲအပ်ပေးခဲ့ပါသည်။ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၇၄၀၅/၂၀၂၂ ကို ဆက်လက်အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ဤသတင်းစာတွင် ကြေညာသည့်နေ့မှစ၍ အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးရှိုးရိုးချိန်၏ လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ဖြူဖြူရီ** (L.L.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၅၄)
တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉) ရပ်ကွက်၊ မြောင်းကြီးလမ်း၊အမှတ် (၇၂)၊ ပထမထပ်၊ အကျယ်အဝန်း(၁၈'× ၅၀') ရှိ ရေမီးစုံတိုက်ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁) ဒေါ်လာလီ (၁၂/ပဇတ(နိုင်)၀၀၉၁၅၇) (၂)ဒေါ်သဇင်လွင်(၁၂/ပဇတ(နိုင်) ၀၀၉၇၈၆)၊(၃)ဒေါ်သီတာလွင်(၁၂/ပဇတ(နိုင်) ၀၁၄၀၀၂) တို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ် နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးတင်မောင်သိန်း (စဉ်- ၅၃၃၈) | ဒေါ်ယဉ်ယဉ်အောင် (စဉ်- ၁၀၃၈၃) | ဦးကျော်ကျော်လွင် (စဉ်- ၅၀၀၄၄) |
| B.A, RL, D.B.L, D.I,L | LL.B, D.B.L, D,I.L, D.M.L | LL.B, LL.M, D.I.L |
| | | အထက်တန်းရှေ့နေ |

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၁၅၇)၊ ဒုတိယထပ်(A-3)၊ (၂၈)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၀၉- ၅၀၇၆၁၅၈၊ ၀၉- ၄၃၀၆၄၆၄၇

### မြေကွက်အမှတ်–၄၁၁၊ (၄၆)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်မှာ ဦးရွှေသိန်း [၁၂/ဗဟန(နိုင်)၀၃၆၀၇၆]၏ ဂရန်အမည်ပေါက်ပိုင်ဆိုင်သောမြေဖြစ်ပြီး ယင်းမြေကို ပိုင်ရှင်ကလွှဲပြောင်းရောင်းချခဲ့ခြင်းမရှိသည့်အတွက် ထိုမြေကွက်နှင့် မြေဂရန်မှာ မူလပိုင်ရှင်၏မိသားစုလက်ဝယ်တွင်ရှိနေပါသည်။

သို့ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး မသမာသောနည်းလမ်းဖြင့် ဂရန်ပျောက်လျှောက်ထားခြင်း ပိုင်ရှင်အမည်ပြောင်းလျှောက်ထားခြင်းများ မပြုရန်နှင့် ယင်းမြေကွက်နှင့် မြေကွက်၏ဂရန်မှာ မူလပိုင်ရှင်မိသားစု၏ လက်ဝယ်တွင်ရှိနေပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဂရန်အမည်ပေါက်သူ ဦးရွှေသိန်း၏သမီးများ**

| | | |
|---|---|---|
| **ဒေါ်သိန်းသိန်းနှင်း** | **ဒေါ်မွန်မွန်သိန်း** | **ဒေါ်စန်းစန်းသိန်း** |
| [၁၂/ဗဟန(နိုင်)၀၃၅၆၉၂] | [၁၂/ဗဟန(နိုင်)၀၃၇၄၆၁] | [၁၂/ဗဟန(နိုင်)၀၃၆၅၂၆] |

**Ph–09–952835635, 09–250963913**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၇၇၆. ၃၅ ကျင်း | - | ၇၇၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၀၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် စ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒေါပုံမြို့နယ်၊လမုတန်းရပ်ကွက်၊နဝဒေးလမ်း၊အမှတ်(၁၉၀)ဟုခေါ်တွင်သည့်မြေတိုင်းရပ်ကွက်အမှတ်-(၁၀/လမုတန်း)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်(၁၉၀)ပေါ်တွင်ဆောက်လုပ်ထား(၂)ခန်းတွဲ၊(၆)ထပ်တိုက် အဆောက်အဦရှိ(ဒုတိယထပ်)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၁ ·၅ပေ×၄၈ပေ)ရှိ ရေမီးစုံ တိုက်ခန်းနှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အားဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဦးဇေယျာလင်း(၁၄/လပတ(နိုင်)၁၄၈၇၄၃)မှ **""(၃-၁၁-၂၀၂၀) ရက်စွဲပါတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"" အရမိမိဝယ်ယူ** ပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်း၊တို့ဝန်ခံပြောဆို၍ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘော တူညီသည့် အတွက်ရောင်းကြေးငွေ၏ တစ်စိတ်တဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း၊စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ချိုသဲမေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၀၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၁၆၉)ဟုခေါ်တွင်သည့်(၂)ခန်းတွဲ၊(၆)ထပ်တိုက် အဆောက်အဦရှိ(၆-လွှာ)ပဉ္စမထပ်၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၁ ·၅ပေ×၄၈ပေ)ရှိ ရေမီးစုံ တိုက်ခန်းနှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အားဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဦးအေးလွင်(၁၂/တမန(နိုင်)၁၀၀၄၀၃)မှ **""(၂၅-၈-၂၀၂၂) ရက်စွဲပါနှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်"" အရ** မိမိဝယ်ယူပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီ သည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း၊စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ချိုသဲမေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၀၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၂၈၈)ဟုခေါ်တွင်သည့်မြေတိုင်းရပ်ကွက်အမှတ်-(၄/မြို့သစ်)၊လူနေရပ်ကွက် (-)၊ မြေကွက်အမှတ် (၉၈/B)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦရှိ(၄-လွှာ)(ခြေရင်းခန်း)၊အကျယ်အဝန်း (၁၃ပေ×၅၀ပေ)ရှိတိုက်ခန်းနှင့်ဆက်နွယ်သည့်အကျိုး ခံစားခွင့်အရပ်ရပ်တို့အားဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဒေါ်မျိုးမျိုးသန်း(၁၂/မဂတ(နိုင်)၀၀၄၇၇၇)မှ **""(၁-၁၂-၂၀၂၂) ရက်စွဲပါနှစ်ဦးသဘောတူအပြီးအပိုင်တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"" အရ** မိမိဝယ်ယူပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက်ရောင်းကြေးငွေ၏ တစ်စိတ်တဒေသကို (စရန်ငွေ) အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း၊စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ချိုသဲမေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၀၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃A)၊ မြေကွက်အမှတ်(၄၂၄၃)ဟုခေါ်တွင်သော အမှတ် (၇၃/၇၅)၊ (၁၅၇)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်ရှိမြေအကျယ်အဝန်း (၅ဝပေx၅ဝပေ)၊ ဧရိယာ(၀.၀၅၈)ဧက၊ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါက်တာ ဒွေးနှင့် မမြလေးတို့ အမည်များဖြင့် ပူးတွဲအမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များမှာ ကွယ်လွန်သွားပြီး ဖြစ်သဖြင့် ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသူများ ဖြစ်ကြသော ဒေါ်ခင်ခင်ဒွေး [၁၂/ပဇတ(နိုင်) ၀၁၂၇၂၈]+၁၆ တို့ထံမှ ဦးဇော်ဝင်းနိုင် [၁၂/ပဇတ(နိုင်)၀၁၁၅၇၈] သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ အင်းဝ(၉) လမ်း၊မြေကွက်အမှတ် (၁၀၁၃)၊ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၁၀၁၂)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိနှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ချို(CG–၀၃၈၈၃၈) အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်ရှိသူသားသမီးများဖြစ်ကြသော ဒေါ်အေးအေး [၁၂/ဥကတ(နိုင်)၀၅၃၈၆၈]+၂တို့ထံမှဒေါ်ဆိုင်းဘရိမ် [၁/မကတ(နိုင်) ၀၈၁၉၁၂]သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄ ၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၃၁/က)ဟုခေါ်တွင်သော(၆)ထပ်တိုက် အဆောက်အဦ၏ အကျယ်အဝန်း (အလျား၁၇ပေx အနံ၅၅ပေ)ရှိ မြေညီထပ်တိုက်ခန်း(၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလှသိန်း[၁၂/လမတ(နိုင်)၀၃၁၅၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ ပထမအရစ်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလှဲ့ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက လက်ရှိပိုင်ဆိုင်လက်ရောက်ရယူထားသော ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရွှေလင်ပန်း–၂၃၊ မြေကွက်အမှတ်–၁၂၉၈၊ ဒေါ်သိမ့်ဟန်စုကျော်[၉/မသန(နိုင်)၁၁၄၁၇၅]အမည်ပါ မြေချပါမစ်မူရင်းကို လက်ရောက်ပေးအပ်ရန် ကမ်းလှမ်းပြောဆိုသူဒေါ်စန္ဒာဝင်း[၁၂/ဥကတ(နိုင်)၁၄၇၆၈၂]ထံမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တန်ဖိုးငွေအကျေအပြေပေး၍ မြေချပါမစ်မူရင်းလက်ရောက်ရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးစိန်မြင့်** | **ဦးညီလင်းဖေ** |
| **(စဉ်–၁၀၉၁၆)** | **(စဉ်–၃၅၃၂၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁၈–၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ရွှေဖီခိုင်ညွှာလမ်း၊ အမှတ်(၂၅၆–က)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းမြတ်စိုး [၁၂/တကန(နိုင်)၁၄၀၂၅၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်–၅၀၊ မြေကွက်အမှတ် (၃၇၄)၊ အကျယ်အဝန်း(အလျား ၄၀x အနံ ၆၀)ပေ၊ စတုရန်း ၂၄၀၀ဧကေ၊ ၀.၀၅၅ ကျယ်ဝန်းသည့်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဌာနရှိ ဒေါ်ဝင်းကြည်(S/OKA–၀၅၁၁၉၃)/[၁၂/သဃက(နိုင်)၁၃၄၁၂၂] အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစည်သူဝင်း(LL.B) (D.M.L) အထက်တန်းရှေ့နေ (စဉ်–၅၂၃၀၅)**
**အမှတ်(၁၀၀၈)၊ အင်းဝလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၁၇၇၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သုဇာတာ(၆)လမ်း၊ မြေကွက်အမှတ်(၁၀၃၉)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေရှိ ဦးလှမြင့်၊ ဦးလှအုန်း၊ ဦးမောင်လှိုင် အမည်ဖြင့် မှတ်သားတည်ရှိသည့် (၃)ဦးတစ်ကွက်နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားဖြစ်ပြီး ဦးလှအုန်း(DW–၀၃၆၇၁၆)၏ အလျား (၁၃)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ်ပျဉ်ထောင်သွပ်မိုးနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်တင်တင်ဝင်း [၁၂/ဥကမ(နိုင်)၂၁၇၇၈၂]၊ ဒေါ်နန်းရွှေ [၁၂/ဥကမ(နိုင်)၂၁၇၉၃၅]၊ ဒေါ်အေးအေးမာ [၁၂/ဥကမ(နိုင်)၂၁၇၇၈၃]၊ ဦးအေးအောင်[၁၂/ဥကမ(နိုင်)၀၄၅၇၀၄]နှင့် ဒေါ်ခင်မေသန်း [၁၂/ဥကမ(နိုင်)၀၉၈၈၇၆] တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါမွန် (LL.B) အထက်တန်းရှေ့နေ စဉ်(၄၈၉၂၂)**
**အမှတ်(၁၂၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph:09–263630989, 09–785474591**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၉၁/ခ)၊ အကျယ်(၂၀x၆၀) စတုရန်းပေရှိ ဂရန်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၉၁/က) အကျယ် (၂၀x၆၀) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းအေး [၁၂/ဒလန(နိုင်)၀၃၁၅၁၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဉ်–၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဉ်–၁၃၂၈၂)** |
| **LL.B., WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**တရားလွှတ်တော်ရှေ့နေများ**
**"Good Friend Consultant Law Firm"**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph: 01–385205,09–420088970,Facebook: Good Friend–Consultant Law Firm**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်းသွယ်(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၂၆၅)၊ အကျယ်(၄၀x၆၀)စတုရန်းပေရှိ ဦးကံရင် အမည်ပေါက်သည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်တင့်တင့်မိုး+၅ [၁၂/လမန(နိုင်)၀၃၅၉၆၈]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅)** | **ဦးကျော်စွာမြင့် စဉ်(၁၃၂၈၂)** |
| **LL.B., WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**တရားလွှတ်တော်ရှေ့နေများ**
**"Good Friend Consultant Law Firm"**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph: 01–385205,09–420088970,Facebook: Good Friend–Consultant Law Firm**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ ရတနာသုခလမ်း၊ တိုက် (၃၆)၊ အခန်း (A–1)၊ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၂၀'x၆၀') ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ရီရီခိုင် [၁၂/ဗဟန(နိုင်)၀၄၀၆၆၆] မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင် (ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၃၀)**
**ဖုန်း–၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ်(၁၁၃၀/ခ)ဟုခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အဦ၏ ပဥ္စမထပ်၊ အကျယ်အဝန်း(၁၇'၆"x၅၄')ရှိသည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခိုင်ဇင်ဦး [၁၂/ဥကတ(နိုင်) ၁၄၀၆၂၅]မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဖြိုးသက်ဦး (LL.B)** | **ဒေါ်နှင်းယုဝေအေး(LL.M,D.I.L)** |
| **(စဉ်–၄၈၁၁၆)** | **(စဉ်–၄၁၁၅၂)** |

**အထက်တန်းရှေ့နေများ**
**Agents United Real Estate Services Agency &**
**Hnin Yu Jasmine Legal Services**
**အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ သုမေ္ဓာလမ်း၊**
**(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၃၇၆၄၁၅၊ ၀၉–၇၈၈၀၃၁၇၁၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မိုးလှိုင် [၈/မကန(နိုင်)၂၁၀၉၃၈]၏ SID smart card (CDC 104009) ပျောက် ဆုံး သွား ပါ သ ဖြ င့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09–401548833, Ph:09–760548833**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက မိမိတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်အိမွန်စိုး[၉/ပမန(နိုင်)၁၅၅၅၅၉]၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးသတိုးအောင်[၁၂/မဘန(နိုင်)၁၂၁၁၁၉]ထံမှ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ(၁)လမ်း၊ အမှတ်(၄၉၁/က)၊ (၆၀ပေx၂၀ပေ)မြေနှင့်မြေပေါ်ရှိ အဆောက်အဦတို့ကို ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ငွေချေလက်ရောက်ရယူ တရားဝင်အရောင်းအဝယ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးစိန်မြင့်** | **ဦးညီလင်းဖေ** | **ဦးဝင်းမောင်** |
| **(စဉ်–၁၀၉၁၆)** | **(စဉ်–၃၅၃၂၆)** | **(စဉ်–၅၀၄၅၈)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁၈–၃၇၇၄၀၆**

## ဦးတင်စမ်း
တရားလွှတ်တော်ရှေ့နေ
## အသက်(၈၀)

ပြည်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးသိန်း-ဒေါ်တင်အုန်း) တို့၏သား၊ (ဦးသန်းစိန်)-ဒေါ်ခင်သိန်းမြင့်တို့၏သားသမက်၊ ဒေါ်ကြူကြူအောင်၏ ကျေးဇူးရှင်ခင်ပွန်း၊ ဒေါက်တာအောင်မိုးမြင့်-ဒေါ်နန္ဒာတင်စမ်း၊ ဒေါက်တာဇင်မာလာတင်စမ်း၊ ဒေါက်တာအောင်ဇော်ထက်-ဒေါ်ခင်စန္ဒာလင်းတို့၏ကျေးဇူးရှင်ဖခင်သည် ၂၀-၃-၂၀၂၃(တနင်္လာနေ့)တွင် (၈၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ပြည်မြို့အေးငြိမ်းရာသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်၊ သော်ကမြိုင်(၆)လမ်း၊ မြေကွက်အမှတ်(၈၈/၁၃၂၉)၊ ဒေါ်ခင်အေးဝင်းချိုပါမစ်အမည်ပေါက် အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ထဲမှ (အလျား၂၀ပေxအနံ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သူ ဦးအောင်ကိုနိုင်[၁၂/ဒဂဆ(နိုင်)၀၂၅၈၇၀]မှ တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းစိုး(ကိုယ်စား) ဦးဟိန်းထက်အောင်[၁၄/ကပန(နိုင်)၁၉၅၈၇၁]က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၃၃)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၁၅၆၄၆၄၅**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သုခလမ်း၊ မြေကွက်အမှတ်(၂၁၀)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'၆''x၆၀')၊ (၀.၀၅၆)ဧက၊ (၂၄၃၀)စတုရန်းပေအကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးညွှန့်မောင်(ကေဂျီအန်-၀၇၄၅၀၆)ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ပေ(၂၀x၆၀)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အာစီတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်အိအိအောင်[၁၂/တမန(နိုင်)၀၄၉၉၄၅]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)** |
| **(LL.B,D.B.L,D.I.L,MA(Business Law)** | **(LL.B)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၅-E၃)၊ မြေအတန်းအစား (စတုတ္ထတန်းစား)၊ မြေကွက်အမှတ် (၁၃/၉၃)၊ ဧရိယာ (၀.၀၂၃) ဧကရှိ မြေပိုင်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၃၅)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမြင့်မော် အမည်ပေါက်လျက်ရှိပါသည်။

ယင်းမြေကွက် အမည်ပေါက် ဦးမြင့်မော် [၁၂/ကမတ(နိုင်)၀၁၇၀၆၅] မှ အထက်စာပိုဒ်ပါ မြေကွက်နှင့် နေအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိ၏တစ်ဦးတည်းသော သမီးအရင်းဖြစ်သူ ဒေါ်သန့်သီရိသက် [၁၂/ဗဟန(နိုင်)၀၉၈၃၇၀]အား "အပြီးအပိုင်မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်"ချုပ်ဆို၍ အပြီးအပိုင် ပေးကမ်းမည်ဖြစ်ပါသောကြောင့် အဆိုပါ မေတ္တာဖြင့် ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုခြင်းအပေါ် အကျိုးအကြောင်းဖော်ပြချက်များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်စိုး(စဉ်-၂၈၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B, DL.101, WIPO (SWITZERLAND)**
**အခန်း (4B)၊ ရှိုင်းကွန်ဒို၊ အမှတ် (၂၅၆/၂၆၆) ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။**
**09-443148536/09-420257767**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်လှကျင်
**မူလတန်းပြဆရာမ(ငြိမ်း)**
**စံပြလေ့ကျင့်ရေးအလယ်တန်းကျောင်း(ရန်ကင်း)**
**အ.ထ.က(၁)နမ္မတူ**
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက်(၁၈)၊ အခန်း(၄)၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးစောသာမောင်-ဒေါ်ရင်မြ)တို့၏သမီး၊ [ဦးအောင်ခိုင် (စာရင်းစစ်အရာရှိ-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)]၏ဇနီး၊ ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်နှင်းနှင်းခိုင်(လ/ထမန်နေဂျာ၊ ပြည်ပရောင်း/စက်မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်အေးအေးခိုင်တို့၏မိခင် ဒေါ်လှကျင်သည် ၂၆-၃-၂၀၂၃ ရက် နံနက် ၃:၄၆ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်စမ်း
တရားလွှတ်တော်ရှေ့နေ
## အသက်(၈၀)

အောင်ဆန်း(၇)တရားရေးအရာရှိ သင်တန်းဆင်းသူငယ်ချင်း ဦးတင်စမ်းသည် ၂၀-၃-၂၀၂၃ ရက်တွင် ပြည်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်း၊ သူငယ်ချင်းများ**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၁၊ ကံဘဲ့၊ မြေကွက်အမှတ်(၇/ဠ-၁)၊ မြေဧရိယာ(၀.၀၅၅)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈)၊ အင်းယားရိပ်သာလမ်း(အတွင်းလမ်းသွယ်)၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေခင်ညွှန့်[၁၂/ဗဟန(နိုင်)၀၄၈၇၀၂]ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းခံရပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဦးအောင်မျိုးမြတ်သူ(ဘ) ဦးခင်မောင်မြင့် [၁၂/ဗဟန(နိုင်)၀၉၄၈၄၈]၊ အမှတ်-၂၈၊ အင်းယားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁(ကံဘဲ့)၊ မြေကွက်အမှတ်(၄/ဃ) ဧရိယာ(၀.၀၆၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရောင်းချသူ ဒေါ်သီသီမြင့် [၁၃/လရန(နိုင်)၀၉၁၆၇၁] အမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ဒေါ်သီသီမြင့် [၁၃/လရန(နိုင်)၀၉၁၆၇၁]ကိုယ်တိုင် ရောင်းချပိုင်ခွင့်ရှိသူက အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ရာ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးကျော်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၃၃)**
**အမှတ်(၄၄)၊ ပင်လုံလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၁၀၂၆၆၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းနှင့် လူနေရပ်ကွက်အမှတ်(၄၆)၊ စံရိပ်ငြိမ်လမ်း၊ (အလျားပေ၄၀ x အနံပေ၆၀)အကျယ်အဝန်းရှိ မြေကွက်အမှတ်(၇၀၀)မှ ပါဝင်အကျိုးခံစားခွင့်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်လိပ်စာပါ ဦးတင်အေး NYHE-၁၁၅၁၇၇ အမည်ပေါက်ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ဦးဘဦး[၉/သပတ(နိုင်)၀၂၄၀၀၉]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်အောင်(LL.B, BBS)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၂၇/၂၇-၁-၂၀၁၅)**
**အမှတ်(၂၀-ဘီ)၊ မြေညီထပ်၊ လှည်းတန်း(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph-09-421018989**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဇော်ဝင်း(မုံရွာ)
**ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
## အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်သိန်းထိုက် [ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ (သမဝါယမဦးစီးဌာန)]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မူမူဝင်း၊ ညွှန်ကြားရေးမှူး(သမဝါယမဦးစီးဌာန)၊ ဦးကျော်စိုးလွင်-ဒေါ်နွယ်နီဝင်း (ငယ်/ယာ-၁(မြို့ပြ)၊ ဆ-ဦ-အထူး(၄)၊ ဦးဝင်းမြင့်ဟန် [ညွှန်ကြားရေးမှူး(မြို့ပြ) (ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်)]-ဒေါက်တာ ခင်ဥမ္မာဝင်း၊ အထူးကုဆရာဝန်(ဓာတ်မှန်)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး]တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မမေမြတ်သူ၊ မောင်နန္ဒအောင်၊ မောင်ဘုန်းမြတ်မင်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးဇော်ဝင်းသည် ၂၄-၃-၂၀၂၃ ရက် ညနေ၃:၃၈နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၈-၃-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ရီ
**(သမဝါယမဦးစီးဌာန-ငြိမ်း)**
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်((202/E)၊ မဟာဗန္ဓုလလမ်း၊ လမ်း(၅၀)ထောင့်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးမောင်ရွှေ-ဒေါ်စောကြည်)တို့၏သမီး၊ (ဦးအယိက်-ဒေါ်မကောက်)တို့၏သမီးချွေးမ၊ ဦးကြင်မောင်(ပို့/ဆက်ဦးစီးဌာန-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်အေးသန္တာ-ဦးမြတ်လင်းထွန်း၊ ဒေါ်ဇင်မာကြင်-ဦးအောင်ဇေယျ၊ ဒေါ်မေသက်ကြင်-ဦးမျိုးမြင့်အောင်တို့၏မိခင်၊ မောင်သန့်ဇင်အောင်၊ မောင်လင်းသက်အောင်၊ မောင်ထွန်းသက်အောင်၊ မမြတ်လမင်းအေးတို့၏အဘွားသည် ၂၆-၃-၂၀၂၃ (တနင်္ဂနွေနေ့)နံနက် ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ညိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ [ခေတ္တနေရပ်ဖြစ်သော တိုက်အမှတ်(A1)၊ အခန်းအမှတ်(718)၊ ကြယ်စင်အိမ်ရာ (Star City)မှ မွန်းလွဲ ၁၂:၃၀ နာရီတွင် ကားများ ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၅၀)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆-လွှာ)၊(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၈x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့်ရေမီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးကျော်ဆန်းလင်း[၉/ပမန(နိုင်)၁၅၈၉၄၃]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကိုတရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ(စဉ်-၁၃၁၇၃)** | **ဒေါ်အိဖြိုးဇင်(စဉ်-၁၅၉၇၅)** | **ဦးသိန်းညွှန့် (စဉ်-၃၅၆၁)** |
| **(BSc,DA,HGP, R.L, DBL,DML,DIL)** | **(LL.B,D.B.L)** | **(BA,HGP,R.L,DBL,DML,DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| | | |
|---|---|---|
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀၊** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀၊** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၇၈)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ တတိယထပ်၊ (၄-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၅x၆၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့်ရေမီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်ကြသော ဦးမြင့်ဆွေလတ်[၁၂/အလန(နိုင်)၀၄၀၂၈၄]နှင့် ဒေါ်ပိုပိုချစ်[၁၄/မမန(နိုင်)၁၉၂၄၆၅]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကိုတရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ(စဉ်-၁၃၁၇၃)** | **ဒေါ်စိုးစိုးမြင့်(စဉ်-၁၀၀၆၃)** | **ဦးသိန်းညွှန့် (စဉ်-၃၅၆၁)** |
| **(BSc,DA,HGP,R.L,DBL,DML,DIL)** | **(LL.B)** | **(BA,HGP,R.L,DBL,DML,DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| | | |
|---|---|---|
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀၊** | **ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လေအေးပေးစက်၏ လေစစ်ဇကာနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရအောင် ဆောင်ရွက်ပါ။









## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့် မပြည့်စုံဘဲ တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်ပြီး အခွင့်အရေး မျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ် တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂-၁၂-၂၀၂၂



အဝေးပြေးခရီးသည်တင်ယာဉ်များဖြင့် လိုက်ပါစီးနင်းကြသည့် ခရီးသည်များကို အောင်မင်္ဂလာ(အဝေးပြေး) ယာဉ်ရပ်နားစခန်း၌ မတ် ၂၆ ရက် ညနေပိုင်းက တွေ့ရစဉ်။

## မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ အဝေးပြေးခရီးသည်တင်ယာဉ်များ လမ်းခရီး၌ စက်ချို့ယွင်းမှုဖြစ်ပေါ်ပါက အရန်ယာဉ်များ ချက်ချင်းထွက်ခွာမောင်းနှင်နိုင်ရန်စီစဉ်ထား

ရန်ကုန် မတ် ၂၆

မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ရန်ကုန်တိုင်းဒေသကြီးအခြေပြု အောင်မင်္ဂလာ(အဝေးပြေး) ယာဉ်ရပ်နားစခန်းနှင့် ဒဂုံဧရာ(အဝေးပြေး) ယာဉ်ရပ်နားစခန်းများမှ ယာဉ်လိုင်းများဖြင့် ခရီးသွားကြမည့်ပြည်သူများ အဆင်ပြေချောမွေ့ကြစေရန် ခရီးသည်တင်ယာဉ်များ လမ်းခရီး၌ မတော်တဆ စက်ချို့ယွင်းမှုဖြစ်ပေါ်ပါက အရန်ယာဉ်များ ချက်ချင်းထွက်ခွာမောင်းနှင်နိုင်စေရန် ယာဉ်လိုင်းတစ်လိုင်းကို ယာဉ်သုံးစီးစီဖြင့် အရန်ယာဉ်များစီစဉ်ထားရှိကြောင်း သိရသည်။

"သင်္ကြန်ကာလမတိုင်မီနဲ့ သင်္ကြန်ကာလအတွင်း ပြေးဆွဲမယ့် ယာဉ်လိုင်းတွေအနေနဲ့ လက်မှတ်ဝယ်ယူတဲ့ခရီးသည်တွေကို ယာဉ်စီးခလက်မှတ်နှုန်းထားပိုမတောင်းဖို့ ကျွန်တော်တို့ ကြိုပြီး စီမံထားပါတယ်။ ယာဉ်စီးခတွေပိုမိုမတောင်းခံဖို့ ယာဉ်လိုင်းတာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ အစည်းအဝေးနှစ်ကြိမ်ပြုလုပ်ပြီး အကြိမ်ကြိမ်သတိပေးပြောထားပြီး ဖြစ်ပါတယ်။ တချို့ယာဉ်လိုင်းတွေက လက်မှတ်ကုန်ပြီလို့ပြောပြီးတော့မှ လက်သိပ်ထိုးရောင်းတာတွေရှိတယ်။ ဒါမျိုးတွေမလုပ်ကြဖို့နဲ့ လက်မှတ်ခနှုန်းထားကို

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂

## ပါရီအိုလံပစ် အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(ခ)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်

ရန်ကုန် မတ် ၂၆

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲကို အုပ်စု ခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံရွေးချယ်၍ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စု(ခ)တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်တို့နှင့် ကျရောက်နေပြီး ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ လက်ခံကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဧပြီ ၅ ရက်တွင် အီရန်နှင့် ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် မော်လ်ဒိုက်၊ ဧပြီ ၈ ရက်တွင် မော်လ်ဒိုက်နှင့် အီရန်၊

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ○



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမားများကို တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

**ရာသီဥတု အဆိုးရွားဆုံးပြောင်းလဲလာမှု တားဆီးကာကွယ်ရန် နောက်ဆုံးအခွင့်အရေးသို့ နီးကပ်လာပြီဟု သတိပေး**

ဆောင်းပါး

စာမျက်နှာ » ၁၇



**KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးတို့ သေဆုံး**

စာမျက်နှာ » ၁၅

ကြေးမုံ
၂၀၂၃ ခုနှစ်၊ (၇၈) နှစ်မြောက်
တပ်မတော်နေ့ အထူးထုတ်
၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက် (တနင်္လာနေ့)





# တည်ငြိမ်ရေး၊ ညီညွတ်ရေး၊ လူမှုဘဝဖွံ့ဖြိုးရေး ထမ်းရွက်မှုများနှင့် ယနေ့တပ်မတော်

မိုးကေနိုင်

နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားမှာ အထိအခိုက် အတိမ်းအစောင်းမခံနိုင်တဲ့ အရေးအရာကို ပြပါဆိုရင် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ တာဝန်က အဓိကဖြစ်ပါလိမ့်မယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးရဲ့ အရေးဟာ ပြည်ထောင်စု မပြိုကွဲရေး ဖြစ်ပြီး တိုင်းရင်းသားလူမျိုးများစွာ စုစည်းနေထိုင်တဲ့ ဖွဲ့စည်းမှုမျိုးမှာဆိုရင် အဲဒီတိုင်းရင်းသားအပေါင်းတို့ရဲ့ စည်းလုံးညီညွတ်မှု မပြိုကွဲရေးသာ ဖြစ်ရပါမယ်။

အချုပ်အခြာမြဲမြံမှု၊ ပြည်ထောင်စုကြီး မပြိုကွဲမှု၊ တိုင်းရင်းသားတွေညီညွတ်မှုရှိမှသာ အဲဒီနိုင်ငံ၊ အဲဒီလူမျိုးတွေရဲ့ ဘာသာတရား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ မပျောက်ကွယ်၊ အရှည် တည်တံ့မှာ ဖြစ်ပါတယ်။

ကမ္ဘာ့တပ်မတော်များနဲ့ မြန်မာ့တပ်မတော်ကို ယှဉ်ကြည့်ရင် အစဉ်အလာကြီးမားတဲ့ မြန်မာ့တပ်မတော်ဟာ သမိုင်းဖြစ်စဉ်များပြားစွာနဲ့ ရှင်သန်ရပ်တည်ခဲ့ရတယ်လို့ ဆိုရပါလိမ့်မယ်။ မပြီးဆုံးနိုင်သေးတဲ့ သမိုင်းပေးတာဝန်တွေနဲ့အတူ အသက်သွေးချွေး စဉ်ဆက်မနေး ထမ်းဆောင်နေတာ (၇၈)နှစ်တာကာလ ရောက်ရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

ဒီအချက်တွေဟာ နိုင်ငံနဲ့လူမျိုးအတွက် ဘာနဲ့မှလဲလို့မရတဲ့၊ အလွန်အရေးကြီးတဲ့ ဒို့အရေးကိစ္စတွေဖြစ်တဲ့အပြင် နိုင်ငံရဲ့ အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ ခံယူထားတဲ့ အမျိုးသားရေးမူဝါဒလည်း ဖြစ်ပါတယ်။ ဒီလိုအရေးကြီးလွန်းလှတဲ့ အမျိုးသားရေးကဏ္ဍကိုထင်ဟပ်တဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ဆက်လက်ရပ်တည်ပါဝင်နေရမယ့် တစ်ခုတည်းသော Institution ဟာလည်း ယနေ့ပြည်ထောင်စုတပ်မတော်သာ ဖြစ်ရပါမယ်။

**ဒို့အရေးများနှင့် ရပ်တည်နေသည့် ရှင်သန်ခိုင်မာဆဲတပ်မတော်**

ဒီလို အသက်တမျှအရေးကြီးတဲ့ ဒို့အရေးတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ကို ယူရမယ့် အဖွဲ့အစည်းဟာ အင်အားတောင့်တင်းခိုင်မာဖို့ အဓိက လိုအပ်တယ်ဆိုတာ အထူး ပြောစရာမလိုပါဘူး။ အဓိကကတော့ နိုင်ငံရဲ့တပ်မတော်တစ်ရပ်ပဲပေါ့။ ကမ္ဘာ့နိုင်ငံအားလုံး အတူတူပါပဲ။

နိုင်ငံတစ်နိုင်ငံရဲ့ အဓိက အသက်သွေးကြောဖြစ်တဲ့ တပ်မတော်တစ်ရပ်ဟာ အင်အားနည်းပြီး ပြိုကွဲပျက်စီးပြီဆိုတာနဲ့ အဲဒီနိုင်ငံဟာ ကျဆုံးသွားရတာပါပဲ။ ပြည်သူတွေ မညီညွတ်၊ အချုပ်အခြာဆုံးရှုံးပြီဆိုရင် တိုင်းပြည်ရဲ့ မြေပြင်၊ ရေပြင်၊ လေပြင်နယ်နိမိတ် ဆက်စပ်အစိတ်အပိုင်းတွေဟာ နယ်ချဲ့တို့လက်အောက် အလွယ်တကူ ကျရောက်သွားမှာဖြစ်ပြီး လွတ်လပ်ရေးလည်း ဆုံးရှုံးရပါတော့တယ်။ ဒီလိုသာဓကတွေ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမှာ အမြောက်အမြားရှိခဲ့၊ ရှိဆဲဖြစ်ပါတယ်။

ကမ္ဘာ့တပ်မတော်များနဲ့ မြန်မာ့တပ်မတော်ကို ယှဉ်ကြည့်ရင် အစဉ်အလာကြီးမားတဲ့ မြန်မာ့တပ်မတော်ဟာ သမိုင်းဖြစ်စဉ်များပြားစွာနဲ့ ရှင်သန်ရပ်တည်ခဲ့ရတယ်လို့ ဆိုရပါလိမ့်မယ်။ မပြီးဆုံးနိုင်သေးတဲ့ သမိုင်းပေးတာဝန်တွေနဲ့အတူ အသက်သွေးချွေး စဉ်ဆက်မနေး ထမ်းဆောင်နေတာ (၇၈)နှစ်တာကာလ ရောက်ရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

ပြည်သူတွေနဲ့ အတူလက်တွဲပြီး နယ်ချဲ့အင်္ဂလိပ် လက်အောက်ကနေ လွတ်လပ်ရေး အရယူပေးခဲ့ပေမယ့် ပြည်တွင်းသောင်းကျန်းမှု စစ်မီးကို ရန်ကုန်အစိုးရလို့ အခေါ်ခံခဲ့ရတဲ့ ဘဝကနေ ယနေ့ထိတိုင် ငြိမ်းသတ်နေရဆဲဖြစ်တယ်။ နယ်ချဲ့လက်ဝေခံ တရုတ်ဖြူကူမင်တန် ကျူးကျော်မှုကို အပြီးတိုင်တိုက်ထုတ်ပြီး နိုင်ငံနယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့ရတဲ့သမိုင်း ရှိခဲ့ဖူးပါတယ်။ တိုင်းရင်းသားများ ညီညွတ်မှုပြိုကွဲမယ့်အရေး၊ ပြည်ထောင်စုပြိုကွဲမယ့်အရေး၊ အချုပ်အခြာဆုံးရှုံးမယ့်အရေးတွေဆီ ဦးတည်လာတဲ့ နိုင်ငံရေးအကျပ်အတည်းတွေမှာလည်း လိုအပ်ချက်အရ မလွှဲမရှောင်သာ ပါဝင်ခဲ့ရပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတဲ့ အစဉ်အလာတွေလည်း ရှိခဲ့ပါတယ်။

ဒီလို ထိန်းသိမ်းစောင့်ရှောက်ရမှုတိုင်းမှာ တပ်မတော်ဟာ လွယ်လွယ်ကူကူနဲ့ လျှောက်လှမ်းခဲ့ရတာတော့ မဟုတ်ပါဘူး။ ပေးဆပ်မှုတွေအများကြီးနဲ့ အရင်းအနှီးကြီးမားခဲ့ပါတယ်။ ခက်ခဲပင်ပန်းကြမ်းတမ်းတဲ့ တိုက်ပွဲကြီး၊ တိုက်ပွဲငယ် မြောက်မြားစွာ ဆင်နွှဲပြီး တပ်မတော်သားတွေရဲ့ အသက်များစွာ ပေးဆပ်ခဲ့ရတာ၊ ခန္ဓာတွေ စွန့်လွှတ်ခဲ့ရတာ ဖြစ်ပါတယ်။

ကိုယ့်လူမျိုးအချင်းချင်း ပြန်လည်တိုက်ခိုက်ရတဲ့ ပြည်တွင်းစစ်မီးလျှံဟာ တကယ်တော့ လွတ်လပ်ရေးနဲ့အတူပါလာတဲ့ မတူညီတဲ့ နိုင်ငံရေးအယူဝါဒတွေ၊ ခေတ်အဆက်ဆက် စနစ်အမျိုးမျိုးကြားက အစွန်းရောက်အယူအဆတွေနဲ့ မညီညွတ်မှုတွေ၊ လွတ်လပ်ရေး မရခင်ကတည်းက ပထဝီအနေအထားအရ လူမျိုးရေး၊ ဘာသာရေးအရ သွေးခွဲအုပ်ချုပ်မှုတွေကြောင့်၊ လွတ်လပ်ရေးရပြီးနောက်မှာလည်း ပြည်ပ ပယောဂနဲ့ ကိုလိုနီလက်သစ်ဝါဒီတို့ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုတွေကြောင့်သာလျှင် ဖြစ်ပါတယ်။

**စစ်ရေးစည်းရုံးရေး တည်ဆောက်ရေးနည်းလမ်းများဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် စနစ်တစ်ရပ်ဆီသို့**

ယခုလက်ရှိ အနေအထားတစ်ရပ်မှာတော့ နိုင်ငံဟာ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ စနစ်တစ်ခုဆီကို အတတ်နိုင်ဆုံး

အထူးထုတ် [ ၈ ] သို့ »»



(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အမျိုးသမီးတပ်ခွဲ ချီတက်လာစဉ်။

»» အထူးထုတ် [ ခ ] မှ

ညင်ညင်သာသာနဲ့ ကူးပြောင်းနေတဲ့ ကာလတစ်ရပ်မှာ ပြန်လည်ရောက်ရှိနေပြီလို့ ဆိုရပါလိမ့်မယ်။ သွားမှာက ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နဲ့ ဈေးကွက်စီးပွားရေး စနစ်ပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်လျက်နဲ့ အလွန်အရေးကြီးတဲ့ အချိုးအကွေ့တစ်ခုကို ဖြတ်ကျော်နေရတာ ဖြစ်ပါတယ်။ သို့သော်လည်း နယ်ချဲ့လက်သစ်တွေကတော့ ယခုအထိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး နည်းလမ်း အစုံစုံနဲ့ ကျူးကျော်စွက်ဖက်နေကြတုန်းပါပဲ။

တပ်မတော်ဟာ ပြည်တွင်းသောင်းကျန်းမှုကို စစ်ရေး၊ စည်းရုံးရေး၊ တည်ဆောက်ရေး နည်းလမ်းတွေနဲ့ ဖြေရှင်းနေရဆဲမှာ ယခုလို ပြည်ပကျူးကျော်တိုက်ခိုက်မှုတွေကို အထက်ပါ နည်းလမ်းတွေနဲ့ပဲ ပြန်လည်ရင်ဆိုင်ခုခံ တွန်းလှန်နေရတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သမားရိုးကျမဟုတ်တဲ့ ဘက်စုံ ခေတ်သစ်စစ်ပွဲတစ်ရပ်ကို ရင်ဆိုင် တိုက်ခိုက်နေရခြင်းပဲလို့ ဆိုရပါမယ်။

တည်ဆောက်ရေးနည်းလမ်းဆိုရာမှာ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကိုပါ ပူးတွဲဆောင်ရွက်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။ တပ်မတော်အနေနဲ့တော့ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းထမ်းဆောင်ရတိုင်းမှာ အခြေခံအုတ်မြစ်ကောင်းတွေကို ချမှတ်ပေးခဲ့တာချည်းပါပဲ။ ယခုတစ်ကြိမ် နိုင်ငံတော်တာဝန်ကို ခေတ္တရယူထိန်းသိမ်းစဉ်မှာလည်း နိုင်ငံရေး ရေခံမြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ လူမှုရေး အစဉ်အလာကောင်းတွေကို ချမှတ်အကောင်အထည်ဖော်ပေးနေဆဲ ဖြစ်ပါတယ်။ တချို့က ပျက်နေတာတွေ ပြန်ပြင်ရတာရှိတယ်။ အချို့ ကောင်းပြီးသားတွေ ဆက်လက်ထိန်းသိမ်း၊ ပိုကောင်းသည်ထက်ကောင်းအောင် လုပ်ရတာတွေလည်း ရှိပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဟာ ပြည်သူအားလုံးရဲ့ လိုလားချက်ဖြစ်တဲ့အတွက် NCA ကို အလေးထားလုပ်ဆောင်



မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ဖေဖော်ဝါရီ ၉ ရက်က နေပြည်တော်မှ စတင်ထွက်ခွာစဉ်။

**လက်တွေ့ ပကတိဖြစ်စဉ်များနဲ့ ချိန်ထိုးပြီး တပ်မတော်ရဲ့ ဆောင်ရွက်ချက်တွေကိုကြည့်ရင် နိုင်ငံတည်ငြိမ်အေးချမ်း ရေး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဒီသုံးချက်ကို သဟဇာတဖြစ်အောင် ချိန်ညှိဆောင်ရွက်နေတာ တွေ့ရပါတယ်။ ပြည်သူ့အားကို အရယူပြီး စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး ကောင်းသထက်ကောင်းအောင် ဆောင်ရွက်နေတယ်လို့ပဲ ယူဆမိပါတယ်။**

ပြီး ထာဝရငြိမ်းချမ်းရေး ဦးတည်ချက် မပျောက်အောင် စိတ်ရှည်သည်းခံမှု အပြည့်နဲ့ ဦးဆောင်လုပ်နေတာက တပ်မတော်ပါ။ ငြိမ်းချမ်းရေးဦးတည်ချက်အတွက် တည်ငြိမ်အေးချမ်းရေးတို့၊ တရားဥပဒေစိုးမိုးရေးစတဲ့ ဦးတည်ချက်တွေဟာ ယနေ့အဓိက ဦးစားပေးအချက်တွေ ဖြစ်လာတာကို သတိပြုမိဖို့ လိုပါတယ်။

တစ်ဖက်ကလည်း တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပဲ့မထွက်သွားစေဖို့ ပညာရည်မြင့်မားရေးကို အပတ်တကုတ် ကြိုးပမ်းပေးနေတဲ့ မြင်ကွင်းများစွာလည်း တွေ့မြင်နေရပါတယ်။ ဆိုလိုတာက အဘက်ဘက်က အားနည်းချက်ရှိနေတဲ့ အနေအထားတွေကနေ အားသာချက်တွေဖြစ်လာအောင် ဘက်စုံအကြားအလပ်မရှိ ဖန်တီးဆောင်ရွက်ပေးနေတယ်ဆိုတဲ့ သာဓကတွေကို မြင်စေလိုရင်း ဖြစ်ပါတယ်။

**ပြည်သူ့လူမှုဘဝလုံခြုံရေးအတွက် ပြည်သူနှင့်အတူ တာဝန်ထမ်းနေ**

တိုင်းပြည်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာမှာ တပ်မတော်ဟာ ပြည်သူနဲ့ တစ်သားတည်းရှိပြီး ပြည်သူနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူမပါရင် ဘယ်အရာမှ မအောင်မြင်နိုင်ဘူးဆိုတဲ့ အချက်ဟာ တပ်မတော်ရဲ့ ယုံကြည်ချက်ပါ။ အထင်ရှားဆုံး ဥပမာကိုပြရရင် နိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ဘေးကြီးကို ရင်ဆိုင်ပြီး ကာကွယ်ထိန်းချုပ်နိုင်ခဲ့ခြင်းကို ပြရပါမယ်။ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားချို့တဲ့မှုများကြားက အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့်ပါပဲ။ ပြည်သူပါတဲ့အတွက်လည်း လိုအပ်တဲ့ရလဒ်တစ်ခုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ပြည်သူ့အကျိုးအတွက် ပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်သွားဦးမှာ ဖြစ်တဲ့အတွက် ပြည်သူအားလုံး ပါဝင်လာမှုကို အပြည့်အဝ မျှော်လင့်လျက်ရှိပါတယ်။

ဆောင်ရွက်ဆဲ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး လုံခြုံရေးကိစ္စတွေမှာ ပြည်သူနဲ့ တပ်မတော် ပူးပေါင်းဆောင်ရွက်မှုတွေဟာ အထင်အရှားဖြစ်လာတာ တွေ့မြင်နေရပါတယ်။ ဒါကြောင့်လည်း နိုင်ငံနဲ့ ပြည်သူအတွက် ကျရောက်လာမယ့်သဘာဝဘေးအန္တရာယ်တွေအပါအဝင် အသက် ကို ပဓာန မထား စိတ်ကောင်း စေတနာ အပြည့်နဲ့ ဆောင်ရွက်မယ် ဆိုရင် ဘယ်လို ဘေးအန္တရာယ် မျိုးကို မဆို ရင်ဆိုင် ကျော်လွှားအောင်မြင် မယ်လို့ အပြည့် အဝ ယုံကြည် ပြီးလည်း ဖြစ်ပါတယ်။

**စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများဖြင့်**

လက်တွေ့ ပကတိဖြစ်စဉ်များနဲ့ ချိန်ထိုးပြီး တပ်မတော်ရဲ့ ဆောင်ရွက်ချက်တွေကိုကြည့်ရင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဒီသုံးချက်ကို သဟဇာတဖြစ်အောင် ချိန်ညှိဆောင်ရွက်နေတာ တွေ့ရပါတယ်။ ပြည်သူ့အားကို အရယူပြီး စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး ကောင်းသထက်ကောင်းအောင် ဆောင်ရွက်နေတယ်လို့ပဲ ယူဆမိပါတယ်။ နိုင်ငံတကာတပ်မတော်များနည်းတူ အရင်းအမြစ်ကို လျင်လျင်မြန်မြန် စုစည်းနိုင်စွမ်း၊ စွမ်းရည်ပြည့် ဆောင်ရွက်နိုင်စွမ်းရှိမှုများကို ကောင်းစွာအသုံးချပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပြေလည်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်တယ်လို့ မြင်ရပါတယ်။ အချို့နယ်ပယ်တွေမှာ စစ်ရေးရည်မှန်းချက်မဟုတ်ဘဲ စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲသကဲ့သို့

အထူးထုတ် [ ဃ ] သို့ »»



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဖေဖော်ဝါရီ ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် လိုက်ပါလာသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက မတ် ၁၈ ရက်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

»»» အထူးထုတ် [ ဂ ] မှ

ဆောင်ရွက်နေခြင်းများ ဖြစ်ကြောင်း သုံးသပ်လို့ရပါတယ်။

အထင်ရှားဆုံး လူမှုဘဝဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ပြပါဆိုရင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက် ဆေးဝန်ထမ်း တပ်ရင်းတပ်ဖွဲ့တွေရဲ့ စွမ်းဆောင်ချက်အချို့ကို ဥပမာထား ထုတ်ဖော်ပြရပါလိမ့်မယ်။ ဒေသခံပြည်သူတွေဆီအရောက် ပါရဂူ၊ ဆေးမှူး၊ သူနာပြု အခြားအဆင့်အလွှာစုံဟာ နယ်လှည့်ဆေးကုသယာဉ် Mobile Van များ၊ မြစ်တွင်းသွား(ရွှေပုဇွန်)နဲ့ ပင်လယ်ပြင်သွား(သံလွင်)သင်္ဘောတွေနဲ့ အတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ရွာ၊ နယ်အနှံ့ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်းစတဲ့ ဝေးလံခေါင်ဖျား ဘယ်လိုနေရာဒေသမဆို ရောက်ရှိခဲ့ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ကြတာကို တွေ့ရပါတယ်။

၂၀၁၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အထိ ဆေးကုသယာဉ်တွေနဲ့ ၄၉ ကြိမ်၊ ပြည်သူပေါင်း ၅၁၇၆၀၈ ဦး၊ ရွှေပုဇွန်သင်္ဘောနဲ့ ၁၇ ကြိမ်၊ ပြည်သူပေါင်း ၁၇၅၇၈၁ ဦး၊ သံလွင် သင်္ဘောနဲ့ ၁၄ ကြိမ်၊ ပြည်သူပေါင်း ၁၂၆၃၅၉ ဦးတို့ကို ကြည့်ရှုကုသပေးနိုင်ခဲ့ကြောင်း လေ့လာမိပါတယ်။ အသေးစား၊ အကြီးစား အရေးပေါ်ခွဲစိတ်ကုသမှု၊ အရိုးခွဲစိတ်၊ မျက်စိ၊ သွားနုတ်သွားဖာ၊ ကလေးမွေးဖွားမှု၊ ဓာတ်မှန်ရိုက်၊ အာထရာဆောင်းနဲ့ စမ်းသပ်စစ်ဆေးမှု၊ အီးစီဂျီနဲ့ နှလုံးစမ်း၊ ကွန်ပျူတာဓာတ်မှန်ရိုက်၊ ဓာတ်ခွဲစမ်းသပ်စသည်ဖြင့် အကြိမ်ပေါင်း ရာထောင်ချီပြီး ဆေးတပ်ဖွဲ့ဝင်တွေဟာ ကိုယ့်ပြည်သူ၊ ကိုယ့်တိုင်းရင်းသားတွေအတွက် မိမိမူလဆေးဘက် တာဝန်များကြားက အလုပ်အကျွေးပြုခဲ့ကြပါတယ်။ ဆေးရုံတင် ကုသဖို့လိုအပ်ရင်လည်း တပ်မတော်ဆေးရုံများဆီ လွှဲပြောင်းကုသပေးခဲ့ကြကြောင်း သိရှိခဲ့ရပါတယ်။

"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"ဆိုတဲ့ မူအတိုင်းပါပဲ၊ စစ်သည်အရပ်သားမခွဲခြားမေတ္တာစေတနာအပြည့်နဲ့ လုပ်သင့်တာကို လုပ်ခဲ့ကြခြင်းပါ။ သမားရိုးကျမဟုတ်တဲ့ တတိယလှိုင်း ကိုဗစ်-၁၉ ကပ်ကို ဖိအားအပြည့်နဲ့ ရင်ဆိုင်စဉ်ကဆိုရင်လည်း စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုရဲ့ အပြုသဘောရလဒ်တွေကို ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပါလိမ့်မယ်။ ဆေးဝါးတင်မကပါဘူး၊ စားရေရိက္ခာဆိုရင်လည်း လိုအပ်တဲ့ သွေးချင်းသားချင်းတွေဆီအရောက် ပို့ဆောင်ပေးခဲ့ရပါတယ်။ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်မျိုးစုံအတွက်လည်း တိုင်းစစ်ဌာနချုပ်၊ တပ်ရင်း၊ တပ်ဖွဲ့အလိုက် တိုင်းရင်းသားပြည်သူတွေ အထိအခိုက်အနည်းဆုံးဖြစ်အောင် အသင့်ပြင်ဆင်ထားကြရပါတယ်။



ယခုလက်ရှိ အခြေအနေအရတော့ နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုနဲ့ ပြည်သူတွေရဲ့ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့ထက် အရေးကြီးတာ ဘာမှမရှိပါဘူး။ ဒီအခြေအနေသုံးရပ်ဟာလည်း တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေတဲ့အတွက် တပ်မတော်အနေနဲ့ သဟဇာတဖြစ်အောင်၊ အညမညဖြစ်အောင် ကြိုးပမ်းထမ်းဆောင်နေတဲ့ အနေအထားအားလုံး တွေ့မြင်နေရပြီ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသူ နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်၍ ဖေဖော်ဝါရီ ၃ ရက်က တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးစဉ်။

အိမ်နီးချင်းနိုင်ငံတွေမှာ ဒုက္ခရောက်နေတဲ့ ကိုယ့်နိုင်ငံသားတွေကို ကိုယ့်အမိမြေဆီ ပြန်အရောက်ခေါ်နိုင်ခဲ့တဲ့သာဓကတွေ ရှိခဲ့ပါတယ်။ ပညာမြင့်မှ လူမျိုးတင့်မယ်ဆိုတဲ့ စကားအတိုင်း နိုင်ငံရဲ့ ပညာရည်မြင့်မားရေး အစီအစဉ်တွေမှာလည်း တပ်မတော်ရဲ့ ပါဝင်ထမ်းရွက်မှုများဟာ မြင်သာထင်သာရှိခဲ့ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲတွေမှာ ထူးချွန်စွာ အောင်မြင်ခဲ့ကြတဲ့ စစ်မှုထမ်းဆောင်ဆဲနဲ့ စစ်မှုထမ်းဟောင်း၊ စစ်သည်အစားခန့် အရပ်သားတွေရဲ့ သားသမီးတွေကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပြီး နိုင်ငံခြားလေ့လာရေးခရီးစဉ်တွေ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့တာအားလုံး .... လေ့လာမိသမျှ လူမှုဘဝဖွံ့ဖြိုးမှုအစီအစဉ်တွေမှာ ပါဝင်နေတဲ့ တပ်မတော်ရဲ့ ကြီးမားတဲ့အခန်းကဏ္ဍကို တွေ့မြင်ရမှာဖြစ်ကြောင်း ဖော်ပြပေးလိုပါတယ်။

**မျက်ခြည်ပြတ်မခံသည့် ပြည်သူ့အားနှင့် ခရီးဆက်ဆဲ ထာဝရငြိမ်းချမ်းရေး**

တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တပ်မတော်ဆိုတဲ့မဏ္ဍိုင်ဟာ အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝ ခိုင်မာတိုးတက်နေဖို့ လိုပါတယ်။ ဒါကြောင့် တပ်မတော်ဟာ ပြည်တွင်းမှာ ပြည်သူ့အားနဲ့ ပြည်တွင်းအားကို စုစည်းတည်ဆောက်ထားပြီး ဒေသတွင်း မိတ်ဆွေနိုင်ငံတွေ၊ အခြားကမ္ဘာ့မိတ်ဖက်တပ်မတော်တွေနဲ့ အမြဲမပြတ်ထိတွေ့ဆက်ဆံကာ ကာကွယ်ရေး၊ လုံခြုံရေးကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့ "ပြည်သူ့အားသည်သာ အဓိက"ဆိုတဲ့ အချက်ကိုတော့ တပ်မတော်ဘက်က မျက်ခြည်ပြတ်မခံပါဘူး။ ပြည်သူ့အားနဲ့ ပြည်တွင်းအားကို တည်ဆောက်တယ်ဆိုရာမှာလည်း ငြိမ်းချမ်းမှုမရှိဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ပြန်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဖြေရှာဆဲအခြေအနေမှာ တပ်မတော်ဘက်ကတော့ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးထားတာ ငါးနှစ်ထဲရှိနေပါပြီ။ စည်းလုံးညီညွတ်မှုအားနဲ့သာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့ အတိတ်သမိုင်းကို နမူနာယူပြီး ထာဝရငြိမ်းချမ်းရေးခရီးမှာလည်း စိတ်ရှည်သည်းခံစိတ်အပြည့်နဲ့ ငြိမ်းချမ်းရေးခရီးဆက်နေဆဲ ဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်အင်အားစုတွေနဲ့ ထိတွေ့ဆက်ဆံပြီး ဖိတ်ခေါ်ဆွေးနွေးနေပေမယ့် လူသတ်လမ်းစဉ်နဲ့ အကြောင်းမဲ့ အကြမ်းဖက်မှုတွေကိုတော့ တပ်မတော်က လုံးဝလက်ခံမှာမဟုတ်ပါဘူး။ တည်ငြိမ်အေးချမ်းရေးအတွက် အဖျက်အမှောင့်ပြုမှုမှန်သမျှ ကြံ့ကြံ့ခံပြီး ချုပ်ငြိမ်းပပျောက်အောင် ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ယခုလက်ရှိ အခြေအနေအရတော့ နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်မှုနဲ့ ပြည်သူတွေရဲ့ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့ထက် အရေးကြီးတာ ဘာမှမရှိပါဘူး။ ဒီအခြေအနေသုံးရပ်ဟာလည်း တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေတဲ့အတွက် တပ်မတော်အနေနဲ့ သဟဇာတဖြစ်အောင်၊ အညမညဖြစ်အောင် ကြိုးပမ်းထမ်းဆောင်နေတဲ့ အနေအထားအားလုံး တွေ့မြင်နေရပြီဖြစ်ပါတယ်။

မိမိမှာ ရှိသမျှအရင်းအမြစ်ကို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင်နဲ့ စုစည်းပေါင်းစပ်နိုင်စွမ်းသော အားသာချက်ကို အသုံးချပြီး ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကနေ နိုင်ငံနဲ့ ပြည်သူအကျိုးစီးပွားကို အစဉ်ထာဝရ ကာကွယ်စောင့်ရှောက်သွားမယ့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲများအလိုက် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး အဆင့် ၁ မှ အဆင့် ၁၀ အတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ လေ့လာရေးခရီး ပို့ဆောင်ပေးခဲ့သည်။